# An Introduction to AMERICAN IDIOMS

*verbs+ prepositions/ adverbs*


# အမေရိကန် အီဒီယံမ်ိတ်ဆက်

စိုးမြင့်
စုဆောင်းပြန်ဆိုတင်ပြသည်။

ဒုတိယအကြိမ်

mgyoe.com

mgyoe.com




ISBN 9789997114686
USM12
9 789997 114686
2,500.00KS

mgyoe.com

အမေရိကန်အီဒီယံမိတ်ဆက်၊ စိုးမြိုင်
စာမျက်နှာ ၂၅၂ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၃ စံပယ်ဦးစာပေ၏ ပထမအကြိမ်မှ)

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အမေရိကန်အီဒီယံ မိတ်ဆက်

# An Introduction to AMERICAN IDIOMS

စိုးမြိုင်
စုဆောင်းပြုစုပြန်ဆိုတင်ပြသည်။

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# AN INTRODUCTION TO AMERICAN IDIOMS
# အမေရိကန် အီဒီယံ မိတ်ဆက်

အမေရိကန် အီဒီယံများကို လက်လှမ်းမီသမျှ စာဖတ်သူနှင့် မိတ်ဆက်တင်ပြထားပါသည်။ အမေရိကန် အီဒီယံများထဲမှ အချို့သည် အင်္ဂလိပ်အီဒီယံများထဲ၌ ရောနှောပါဝင်နေကြောင်းကို တွေ့ရပါသည်။ ယင်းသို့ဖြင့် နှစ်ကာလရှည်ကြာလာသောအခါ ဘယ်ဟာ အင်္ဂလိပ် အီဒီယံ၊ ဘယ်ဟာ အမေရိကန်အီဒီယံဟု ခွဲခြားရန်ပင် မလွယ်ကူသည့် အခြေအနေသို့ ဆိုက်ရောက်လာပါတော့သည်။ ယခု တင်ပြထားသော အမေရိကန်အီဒီယံများထဲမှ အချို့သည် အင်္ဂလိပ်အီဒီယံများထဲတွင်ပါဝင်သော်လည်း အများစုမှာမူ အင်္ဂလိပ်အီဒီယံများထဲ၌ ပါဝင်ခြင်းမရှိပါ။

1. **Account:** No-ACCOUNT. of no value; worthless.
   အသုံးမကျသော တန်ဖိုး မရှိသော
   Tell that no-account fellow that he is dismissed.
   သူ့ကို အလုပ်ထုတ်ပစ်လိုက်ပြီဆိုကာ ဟို အသုံးမကျတဲ့ ကောင်ကို ပြောလိုက်ပါ။

mgyoe.com

mgyoe.com


2. **Ace:** ACE IN. Excel in anything; be very good.
အားလုံးထက်သာသော အလွန်ထူးချွန်သော
She's a girl who will ace in anywhere.
သူမသည် နေရာတကာ၌ (ဝါ) အရာရာ၌ထူးချွန်မည့် မိန်းကလေး တစ်ယောက်ဖြစ်သည်။

3. **All :** ALL-FIRED (S). Extreme, or extremely. Or. Said to be a corruption of "Hell-fired."
နာမဝိသေသနအဖြစ် အလွန်အကျူး၊ အလွန်တရာ ကြိယာဝိသေသနအဖြစ် လွန်ကျူးစွာ မူရင်း "Hell-fired" ဆိုသည့် အသုံးအနှုန်းမှ ပျက်လာသည့် စကားဟု ပြောစမှတ်ပြုသည်။ အဓိပ္ပာယ်မှာ ငရဲမီးလောင်ကျွမ်းခြင်းခံရသော
That's an all-fired pretty hat Jane's wearing.
ဂျိန်းဆောင်းထားတဲ့ ဟောဟိုဦးထုပ်ဟာ အလွန်တရာ လှပတဲ့ ဦးထုပ်ပဲ။
(မကြိုစဖူး ထူးထူးခြားခြားလှကြောင်း ဖော်ပြလိုခြင်း)
S = Slang ဘန်းစကား။ Or. = origin မူရင်း
ALL IN, 1. Exhausted
မောဟိုက်နွမ်းလျသော၊ အင်အားကုန်ခန်းသော။
John was all in at the end of the race.
ပြိုင်ပွဲပြီးသောအခါ ဂျွန်သည် မောဟိုက်နွမ်းလျသွားခဲ့သည်။
2. Inclusive of everything (Eng. and American)
အရာရာပါဝင်ပြီးဖြစ်သော အားလုံးပါဝင်ပြီးဖြစ်သော အားလုံး

mgyoe.com

mgyoe.com


အပြီးအငြိမ်းဖြစ်သော။
The rent will be 200 dollars a month, all in.
အိမ်လခသည် အားလုံးအပြီးအငြိမ်း တစ်လလျှင် ဒေါ်လာ ၂၀၀ ဖြစ်လိမ့်မည်။
ALL SET. Ready, fully prepared.
အဆင်သင့်ဖြစ်သော အပြည့်အစုံပြင်ဆင်ထားပြီးဖြစ်သော
We're all set for the journey.
ကျွန်ုပ်တို့သည် ခရီးထွက်ဖို့ အပြည့်အစုံပြင်ဆင်ထားပြီးပြီ။

4. **Ambulance:** AMBULANCE CHASER.
An unscrupulous type of lawyer who hurries to the bedside of anyone injured in an accident, and induces him to authorize the lawyer to recover what damages he can, in return for an agreed percentage of the amount obtained.
တိုက်ရိုက်အဓိပ္ပာယ်မှာ လူနာတင်ကားနောက်သို့ အပြေးအလွှားလိုက်သူ။ မတရားမှုကို မဆိုင်းမတွပြုလုပ်ရန် ဝန်မလေးသော ရှေ့နေအမျိုးအစား။ သူသည် တစ်ဦး တစ်ယောက်ကားတိုက်မိခြင်း စသည့် ထိခိုက်ဒဏ်ရာရမှုတစ်ခုခု ဖြစ်သည့်အခါ ထိုသူ၏ ခုတင်ဘေးအရောက် အပြေးအလွှားသွား၍ ထိခိုက်နစ်နာကြေးရအောင် ဆောင်ရွက်ပေးဖို့ သူ့ကို ငှားရမ်းရန်နှင့် ယင်းသို့ရရှိသည့် လျော်ကြေးမှ သူ့ကို ရာခိုင်နှုန်း ဖြင့်ပေးရန် သွေးဆောင်ပြောကြားလေ့ ရှိသည်။

mgyoe.com

mgyoe.com


(မှတ်ချက်။ ။ ထိုကဲ့သို့သော ရှေ့နေမျိုးအတွက် ဆောင်ရွက်ပေးသည့် အမှုပွဲစားကိုလည်း ညွှန်းသည်။)

5. **Ante:** ANTE UP; PONY UP (S). Settle the account, pay what is due. ("Pony" is an old-fashioned slang term for Money.)
စာရင်းရှင်းသည်။ ပေးသင့်ပေးထိုက်သည်ကို ပေးသည်။ ပေးဆောင်ရန် တာဝန်ရှိသည်ကို ပေးသည်။ ("Pony" ဆိုသည်မှာ ကြေးငွေကို ခေါ်သည့် ရှေးဆန်သော ဘန်းစကား အသုံးအနှုန်းဖြစ်သည်။)
You'll have to ante up for the drinks.
သင်သည် အဖျော်ယမကာများအတွက် စာရင်းရှင်းပေးချေရလိမ့်မည်။

6. **Apple:** APPLE SAUCE (S). Dishonest or insincere talk.
မရိုးသား မဖြောင့်မှန်သည့် စကား
Boloney လည်းရှု

7. **Back:** BACK AND FORTH. Eng. equiv, "To and fro". Going and returning regularly from one place to another.
အင်္ဂလိပ်အသုံးအနှုန်း၌ "To and fro" နှင့် တူညီသည်။ တစ်နေရာမှ တစ်နေရာသို့ ပုံမှန်သွားလိုက် ပြန်လိုက်ပြုလုပ်

mgyoe.com

mgyoe.com


နေသည်။ မြန်မာ၌ ရှေ့တိုးနောက်ငင် ခေါက်တုံ့ခေါက်ပြန်။
Everyday he travelled back and forth from New York to Washington.
နေ့တိုင်း သူသည် နယူးယောက်မှ ဝါရှင်တန်သို့ သွားလိုက်ပြန်လိုက်လုပ်ခဲ့ရသည်။
(Equiv. = equivalent)

8. **Boiled:** BOILED SHIRT. Starched white shirt worn on formal occasions with a black or white bow tie.
အနက်ရောင် သို့မဟုတ် အဖြူရောင်ဘိုးတိုင်ခေါ် လည်စည်းနှင့် တွဲဖက်လျက် တရားဝင်ပွဲလမ်း အခမ်းအနားများ၌ ဝတ်ဆင်သည့် ကော်တင်ထားသော ရှပ်အင်္ကျီဖြူ။

9. **Boloney:** BOLONEY. APPLE SAUCE နှင့် အလားတူ။

10. **Cake:** FLANNEL CAKE. A soft, thin cake, generally eaten with sandwiches.
အသားညှပ်ပေါင်မုန့်နှင့် များသောအားဖြင့် အတူတွဲစားလေ့ရှိသည့် နူးညံ့ပျော့ပျောင်း၍ ပါးလျသော ကိတ်မုန့်တစ်မျိုး။

11. **Can:** CAN OPENER (S). A cheap car.
အပေါစားကား၊ ဈေးပေါသည့် မော်တော်ကား။

mgyoe.com

mgyoe.com


12. **Carpet:** CARPET BAGGER. Insulting term applied to a newcomer to a district, arriving with political ambitions and consequently regarded with suspicion and contempt. Or. The migration of many northern adventurers to the South after the Civil War in U.S.A.

ခရိုင်နယ်ပယ်တစ်ခုသို့ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဆိုက်ရောက်လာသူတစ်ဦးကို နှိမ့်ချခေါ်ဝေါ်သည့် အသုံးအနှုန်း။ ယင်းပုဂ္ဂိုလ်ကို ဒေသခံလူထုက ယုံကြည်ခြင်းမရှိ၊ အထင်အမြင်သေးလေ့ရှိသည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ အိတ်တစ်လုံးနှင့် ရောက်လာသူဟု ဖြစ်သည်။ မြန်မာ၌ ကလေကချေ ပျံကျ စသည့်သဘောမျိုးဖြစ်သည်။

မူရင်း–အမေရိကန် ပြည်ထောင်စု၌ ပြည်တွင်းစစ်ပွဲအပြီးတွင် တောင်ပိုင်းသို့ မြောက်ပိုင်းမှ စွန့်စားရွှေ့ပြောင်းလာသူများကို ရည်ညွှန်းသည်။

ဒေါက်တာဘဟန် အဘိဓာန်၏ အလိုအရ Carpet bag = ရှေးခရီးဆောင်ကော်ဇောအိတ်။ Carpet bagger = တစ်ဒေသမှလာ၍မင်းတိုင်ပင်အမတ်အဖြစ် အရွေးခံသူ၊ မင်းတိုင်ပင်အမတ်အဖြစ် အရွေးခံရာဒေသတွင် အမြဲမနေဘဲ တစ်ခါတစ်ရံမှ လာရောက်သူ။

13. **Check:** CHECK OUT (or Up). Settle one's account at a hotel and depart.

ဟိုတယ်စသည်၌ ပေးဆောင်စရာရှိသည့် စရိတ်စကများကို

mgyoe.com

mgyoe.com


ပေးဆောင်ရှင်းလင်းပြီး ထွက်ခွာသည်။
CHECK UP. Audit. Examine for purposes of comparison.
စာရင်းစစ်သည်။ နှိုင်းယှဉ်သိရှိလိုသည့် ရည်ရွယ်ချက်ဖြင့် စစ်ဆေးကြည့်ရှုသည်။ စစ်ဆေးကြည့်ရှုခြင်း။
A check-up of the passengers showed that only ten were British.
ခရီးသည်များကို စစ်ဆေးကြည့်လိုက်သောအခါ ဗြိတိသျှလူမျိုး ၁၀ ယောက်မျှသာ ပါဝင်ကြောင်း တွေ့ရှိခဲ့ရသည်။

14. **Community:** COMMUNITY CHEST : A fund raised by a group of people for some special object, frequently religious.
များသောအားဖြင့် ဘာသာရေးနှင့်ပတ်သက်လေ့ရှိသည့် တစ်စုံတစ်ခုသော အထူးရည်ရွယ်ချက် (ဝါ) ကိစ္စတစ်ရပ်အတွက် လူတစ်စုက စုဆောင်းကောက်ခံရရှိသော ရန်ပုံငွေ။
COMMUNITY CHURCH. Members of different denominations who have decided to unite as one congregation.
ဘာသာရေးဂိုဏ်းခွဲများ တညီတညွတ် တစုတရုံးတည်း တက်ရောက်ရာ ဘုရားရှိခိုးကျောင်း။

15. **Dandy:** DANDY TRAP. A loose stone that tilts up when trodden upon.

mgyoe.com

mgyoe.com



တက်နင်းလိုက်သောအခါ တိမ်းစောင်းသွားသည့် အောက်ခြေမခိုင်သော ကျောက်ခဲ။

16. **Dime:** DIME NOVEL. Eng. equiv. "Penny Dreadful". Crude, papper-bound thrillers, read chiefly by boys and uneducated persons.
အင်္ဂလိပ်၌ "Penny Dreadful" နှင့် ထပ်တူ။
အဓိကအားဖြင့် ယောကျ်ားကလေးများနှင့် ပညာမတတ်သူများ ဖတ်လေ့ရှိသည့် အဆင့်အတန်းနိမ့်သော အပေါစားရင်လုပ်သည်းဖို ဝတ္ထုများ၊ တစ်နည်းဆိုသော် ဖေတော့ မောင်တော့ ဝတ္ထုများ

17. **Door:** DOOR TENDER. Hall porter; the official stationed at the door of flats, etc.
အခန်းစောင့်၊ တံခါးစောင့်။ တိုက်ခန်းကြီးများ စသည်တို့၏ တံခါးပေါက်ဝ၌ တာဝန်ယူစောင့်ကြပ်ရသူ။
DOOR YARD. Eng. equiv. "Back yard."
အင်္ဂလိပ်၌ "Back Yard" နှင့် အလားတူ။
The patch of ground near the back door of a house.
တိုက်တာအိုးအိမ်တစ်ခု၏ နောက်ဖေးတံခါးအပြင်အပရှိ မြေကွက်လပ်။

18. **Down:** DOWN COUNTRY. The area near the

mgyoe.com

mgyoe.com


mouth of a river or sea.
မြစ်ဝ သို့မဟုတ် ပင်လယ်အနီးရှိ ဒေသနယ်ပယ်။
DOWN EAST. The New England States.
နယူးအင်္ဂလန်ပြည်နယ်များ။
DOWN TOWN. The business quarter of a town.
စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ မြို့လယ်။
UP TOWN – လည်းရှု။

19. **Drag:** DRAG-PULL. Personal influence.
ပုဂ္ဂိုလ်ရေးရာ ဩဇာအရှိန်အဝါ။
That family has considerable drag-pull in New York.
ထိုမိသားစုသည် နယူးယောက်မြို့၌ ပုဂ္ဂိုလ်ရေးရာ ဩဇာအရှိန်အဝါ ကောင်းကောင်းရှိသည်။

20. **Drop:** GET THE DROP ON (S). Lit., Shoot before one's enemy has a chance of shooting.
Met., Be in a superior position to deal with one's enemy.
မူလ–ရန်သူက သေနတ်စသည်ဖြင့် ပစ်ခတ်ရန် အခွင့်အရေးမရမီ မိမိက လက်ဦးအောင် ပစ်သည်။
ဥပစာ–ရန်သူကို ယှဉ်ပြိုင်ရန်အတွက် ပိုမိုကောင်းမွန်သော

mgyoe.com

mgyoe.com


အခြေအနေကို ရရှိသည်။ (ဝါ) အပေါ်စီး အသာစီးရသည်။
I've got the drop on George. I'll be seeing the Chief on Monday.
ငါက ဂျော့ထက် အသာရပြီး တနင်္လာနေ့မှာ အကြီးအကဲနဲ့ တွေ့မယ်။

21. **Drug:** DRUG STORE, Nominally, "chemist's shop", but in America one that also deals in non-intoxicating drinks, ice-creams, sandwiches and other miscellaneous goods.
မူလအားဖြင့် ပရ ဆေးဆိုင်ဖြစ်သည်။ သို့သော် အမေရိကန်ပြည်ထောင်စု၌မူ မမူးယစ်သော သောက်စရာများ၊ ရေခဲမုန့်၊ အသားညှပ်ပေါင်မုန့်နှင့် အခြားအထွေထွေ အမျိုးမျိုးသော ပစ္စည်းများ ရောင်းချသည့် ဆိုင်ကိုလည်း ရည်ညွှန်းသုံးနှုန်းသည်။

22. **Figure:** FIGURE OUT. Estimate; reckon
ခန့်မှန်းသည်။ တွက်ဆသည်။
We figure out we shall reach Chicago on Wednesday morning.
ကျွန်ုပ်တို့သည် ဗုဒ္ဓဟူးနေ့ နံနက်၌ ချီကာဂိုမြို့သို့ ဆိုက်ရောက်လိမ့်မည်ဟု ကျွန်ုပ်တို့ ခန့်မှန်းပါသည်။

23. **Four:** FOUR-FLUSHER (s). A boaster.

mgyoe.com

mgyoe.com


ကြွားဝါသူ၊ လေကြွားသူ။

FOUR HUNDRED. THE. An expression, dating from 1890, and based on a casual reference to the elite of New York as being limited to 400 families: (English equiv. The Upper Ten Thousand.)

၁၈၉၀ ပြည့်နှစ်မှစ၍ ဖြစ်ပေါ်လာသော အသုံးအနှုန်းဖြစ်သည်။ နယူးယောက်မြို့၌ အထက်တန်းလွှာ လူတန်းစား မိသားစု ၄၀၀ ရှိသည် ဟူ၍ အမှတ်မထင် ရည်ညွှန်းပြောဆိုကြရာမှ အခြေခံဖြစ်ပေါ်လာသည်။

အင်္ဂလိပ်၌ = The Upper Ten Thousand နှင့် ထပ်တူ။

24. **Frame:** FRAME HOUSE; COTTAGE, etc. One built with a framework of timber, to which wood boards ("shingles") are nailed for the walls.

တဲအိမ်စသည်။ သစ်သားကို ယက်မများ၊ တောင်တန်းများ အဖြစ် အသုံးပြုလျက် ပျဉ်ချပ်များကို ယင်းတို့တွင် သံဖြင့် ရိုက်၍ နံရံအဖြစ် ကာရံဆောက်လုပ်ထားသော အိမ်မျိုးဖြစ်သည်။

25. **Garbage:** GARBAGE CAN (or BARREL). English equiv. Dust-bin, the receptacle into which household refuse is placed later to be

mgyoe.com

mgyoe.com


moved by the worker paid to collect it.
အမှိုက်ပုံး။ အင်္ဂလိပ်၌ – "Dust bin" နှင့် ထပ်တူဖြစ်သည်။ အိမ်များမှ အမှိုက်သရိုက်များကို ယင်းပုံးထဲတွင် စွန့်ပစ်ထားပြီး အခကြေးငွေပေး၍ ငှားရမ်းထားသော အလုပ်သမားက အချိန်တန်သောအခါ လာရောက်သိမ်းသည်။

26. **Get:** GET BY. English euqiv. "Get away with", or "Pull off." Succeed in; accomplish.
အင်္ဂလိပ်၌– "Get away with" or "pull off" တို့နှင့်ထပ်တူ။ အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်သည်။
I didn't think he'd get by with his scheme of reorganizing the business.
သူသည် စီးပွားရေးလုပ်ငန်းကို ပြန်လည်စည်းရုံးလုပ်ဆောင်ခြင်းတည်းဟူသော သူ၏ စီမံချက်ကို အောင်မြင်အောင် လုပ်ကိုင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ကျွန်ုပ် မထင်ခဲ့ပေ။
GET THE GATE (S). English equiv. "Get the sack." Be dismissed from one's post or job.
အင်္ဂလိပ်၌– "Get the sack" နှင့် ထပ်တူ။
ရာထူး သို့မဟုတ် အလုပ်မှ ထုတ်ပယ်သည်။
GET ONE'S DANGER (S). Exasperate; make angry.
အမျက်ထွက်စေသည်။ စိတ်ဆိုးအောင် ပြုသည်။
It gets my danger to hear people sneering at the King.

mgyoe.com

mgyoe.com


လူများက ဘုရင်မင်းမြတ်အား ပြောင်လှောင်ကြသည်ကို ကြား ရ၍ ကျွန်ုပ် ဒေါသအမျက်ထွက်ရသည်။

GET (or BE HANDED) THE FROZEN MITT.

Be received coldly and contemptuously; be snubbed.

အေးတိအေးစက် အထင်အမြင်သေးစွာ လက်ခံခြင်းခံရသည်။

GET THE MITTEN (S). More correctly, "Give the mitten." Or. Fr., based on an old ironical custom of giving an unwelcome lover a pair of mitaines (mittens) instead of the lady's hand for which he asked. Be rejected as a suitor.

ပိုမိုမှန်ကန်စွာ ပြောရလျှင် "Give the mitten" ဟု သုံးရ မည်။ မူရင်း = ပြင်သစ်။ ချစ်ရေးဆိုသူက တောင်းခံသော အမျိုးသမီး၏လက်ကို ပေးရမည့်အစား (အချစ်ကို လက်မခံ ကြောင်း ပြသည့်အနေဖြင့်) လက်အိတ်ကိုသာ လှောင်ပြောင် ပေးသည့် ဓလေ့ထုံးစံဟောင်းတစ်ခုမှ အခြေခံဖြစ်ပေါ်လာ သည်။ အဓိပ္ပာယ်မှာ ချစ်ရေးဆိုသူအဖြစ် ငြင်းပယ်ခြင်း ခံ ရသည်။

Mitten ဟူသည် လက်ချောင်း ၄ ချောင်းကို တစ်ပေါင်း တည်း တွဲပြီး လက်မကို တစ်ချောင်းတည်း ခွဲခြားစွပ်ရသော လက်အိတ်မျိုး ဖြစ်နိုင်သကဲ့သို့ လက်ဖဝါးနှင့် လက်ခုံတို့ကို အုပ်ဖုံးလျက် လက်မနှင့် လက်ချောင်းများကို ဖော်၍ စွပ်ရ

mgyoe.com

mgyoe.com


သည့် လက်အိတ်မျိုးလည်း ဖြစ်နိုင်သည်။

Poor Jack has been terribly depressed since Susan gave him the mitten.

စူဆန်က သူ့ ချစ်ရေးဆိုတာကို ငြင်းလိုက်ကတည်းက သနား စရာ ကောင်းတဲ့ ဂျက်ဟာ ကြောက်စရာကောင်းအောင် စိတ် ဓာတ်ကျနေတယ်။

GO-GETTER. One who concetrates upon his own progress; who "has an eye to the main chance."

မိမိ၏တိုးတက်ကြီးပွားရေးကို အလေးအနက် အာရုံစူးစိုက် သူ။ အခွင့်အရေးကို မျက်ခြည်ပြတ်မခံသူ၊ အလေး ထားသူ။

Young George is a go-getter; he will be managing a business of his own before he's thirty.

ငယ်ရွယ်သူ ဂျော့သည် သူ၏တိုးတက်ကြီးပွားရေးကို အလေး အနက် အာရုံစူးစိုက်သူဖြစ်သည်။ သူသည် အသက် ၃၀ မပြည့်မီ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို အုပ်ချုပ်လုပ် ကိုင်လိမ့်မည်။

27. **Grab-Bag:** Eng. equiv. "Lucky Dip" or Bran Tub. A tub or similar vessel filled with bran, sawdust, etc. in which a number of small objects are buried and into which, on payment of a small sum, customers plunge their

mgyoe.com

mgyoe.com


hands and draw out whatever they grasp.
အင်္ဂလိပ်အသုံးအနှုန်း၌ "Lucky Dip" (ကံစမ်းသည့်သဘောဖြင့် လက်တို့နှစ်မြှုပ်ကြည့်ခြင်း (ဝါ) နှိုက်ကြည့်ခြင်း) သို့မဟုတ် "Bran Tub" (ဖွဲနုစည်) နှင့် တူညီသည်။ ဖွဲနုလွှစာမှုန့် စသည်တို့ဖြင့် ဖြည့်ထားသော စည်ပိုင်း သို့မဟုတ် အလားတူ စရည်းအိုးခွက်ကြီးတစ်ခုထဲတွင် ဝတ္ထုပစ္စည်းကလေး အမြောက်အမြားကို မြှုပ်ထားရာ ကံစမ်းလိုသူတို့သည် အခကြေးငွေအနည်းငယ်ပေး၍ လက်များကို အထက်ဖော်ပြပါ ဖွဲနု၊ လွှစာမှုန့်စသည်ထဲမှာ နှစ်မြှုပ်ကာ မိမိတို့ဆုပ်မိသည့်အရာ (ဝါ) ကံထိုက်သည့် အရာကို ဆွဲထုတ်ယူရသည်။

28. **Graduate:** GRADUATE NURSE. A trained, officially qualified nurse.
တရားဝင် သင်တန်းတက်ရောက်အောင်မြင်ပြီးသားဖြစ်သည့် အရည်အချင်းပြည့် သူနာပြု။

29. **Hall:** HALL BEDROOM. Bedroom above the entrance hall.
ဝင်ပေါက်၏အတွင်းရှိ နေရာလွတ် သို့မဟုတ် ပေါင်းကူးလမ်းကြောင်း၏ အထက်တွင် တည်ရှိသော အိပ်ခန်း။

30. **Hand:** HAND-ME DOWNS (S). Eng. equiv. Reach-me-downs or Off the Peg. Ready-

mgyoe.com

mgyoe.com


made clothing.
အင်္ဂလိပ်အသုံးအနှုန်း၌ "Reach-me-downs" သို့မဟုတ် "Off the Peg" နှင့် တူညီသည်။ အသင့်ချုပ်ထားသည့် အဝတ်အစား။ ချုပ်ပြီးသား အဝတ်အစား။

31. **Hard:** HARD-BOILED (S). Eng. equiv. Hard-headed. Practical; not sentimental; businesslike.
အင်္ဂလိပ်အသုံးအနှုန်း၌ "Hard-headed" နှင့် တူညီသည်။ လက်တွေ့ကျသော စိတ်ကူးယဉ် မဆန်သော လုပ်ငန်းဆောင်ဝင်သော။
George is a hard-boiled man of business.
ဂျော့သည် လုပ်ငန်းခွင်၌ (ဝါ) အလုပ်လုပ်ရာ၌ လက်တွေ့ကျသူ တစ်ဦးဖြစ်သည်။
HARD LIQUOR (Whisky, brandy, rum, etc.) Containing a high proportion of alcohol, as distinct from beer, light wines and non-intoxicating ("soft") drinks.
ဝီစကီ၊ ဘရန်ဒီ၊ ရမ် စသည်တို့ကဲ့သို့ မူးရှိန်ပြင်းသည့် အရက်မျိုး။ ယင်းတို့ထဲတွင် မူးယစ်စေသည့် အယ်လ်ကိုဟောလ် (အရက်ပျံ) အချိုးအဆ မြင့်မားစွာ ပါရှိသည်။ ယင်းတို့သည် မူးရှိန်ပျော့သည့် ဝိုင်၊ ဘီယာတို့အပြင် လုံးဝ မမူးယစ်စေသည့် သစ်သီးဖျော်ရည် စသည်တို့နှင့် ကောင်းစွာ ခြားနားသည်။
HARD MONEY. Money in the form of coins, as distinct from paper.

mgyoe.com

mgyoe.com


ငွေမှာ ဆိုလိုသည်မှာ စက္ကူဖြင့်ရိုက်မထားသည့် ကျပ်စေ့၊ ပြားငါးဆယ်စေ့စသည်တို့ကဲ့သို့သော ပိုက်ဆံ။

HARD SAUCE, Any sauce not in liquid form.

အချဉ်ရည်ကဲ့သို့ စားသုံးရသည့် အချဉ်ဖတ်။

32. **Hold:** HOLD DOWN. Keep, retain,

နိုင်နင်းစွာ လုပ်ကိုင်နိုင်သည်။

He is a good workman, and will hold down his job.

သူသည် အလုပ်သမားကောင်းတစ်ဦးဖြစ်၍ သူ၏အလုပ်ကို နိုင်နင်းစွာ လုပ်ကိုင်နိုင်လိမ့်မည်။

HOLD Up. Lit., A robbery in which the victim is ordered to hold up his hands above his head so that he has no opportunity of resisting. Met. sto something by the use of threat or violence for the purpose of robbery.

မူလ လုယက်တိုက်ခိုက်မှုတစ်ရပ်၌ ခုခံခြင်း မပြုနိုင်စိမ့်သော ငှာ အတိုက်ခံရသူအား သူ၏လက်များကို ဦးခေါင်းအထက်သို့ မြှောက်ထားရန် အမိန့်ပေးသော စကားဖြစ်သည်။

ဥပစာ – လုယက်လိုသော ရည်ရွယ်ချက်ဖြင့် ယာဉ်ရထားစသည့် မော်တော်ယာဉ်တစ်ရာကို အကြမ်းပတမ်း ခြိမ်းခြောက် ရပ်တန့်သည်။

The bandits held up the express train (i.e,

mgyoe.com

mgyoe.com


stopped it by threatening the driver), and robbed the passengers.
ဓားပြများသည် အမြန်မီးရထားကို အကြမ်းနည်းဖြင့် ရပ်တန့် (ယာဉ်မောင်းသမားကို ခြိမ်းခြောက် ရပ်တန့်ခိုင်းခြင်းစသည်ဖြင့်) စေ၍ ခရီးသည်များကို လုယက်တိုက်ခိုက်ခဲ့သည်။

33. **Home:** HOME-FOR RENT (S). Widow.
မုဆိုးမ။

34. **Hot:** HOT DOG. A bread roll split and buttered, with a hot sausage inserted between the halves.
ဝက်အူချောင်း ပူပူ (သို့မဟုတ် အသား) ညှပ်ထားကာ ထောပတ်သုတ်ထားသည့် ပေါင်မုန့်လုံးရှည်။

35. **Jump:** JUMPING ROPE. Eng, equiv. Skipping rope. That used in the game of skipping.
အင်္ဂလိပ်အသုံးအနှုန်း၌ Skipping-rope နှင့် အတူတူ။ မိန်းကလေးများ၊ ကလေးများ စသူတို့ ကြိုးခုန် ကစားရာမှာ အသုံးပြုသည့်ကြိုး။ ခုန်ကြိုး။

36. **Kentucky:** KENTUCKY CARDINAL. A small North American bird with brilliant red plumage. Name derived from the scarlet robe

mgyoe.com

mgyoe.com


worn by cardinals of the Church of Rome.
တောက်ပသော အမွေး အတောင်နီများရှိသည့် မြောက်အမေရိကန် ငှက်ငယ်တစ်မျိုး။ ရောမ ဗရင်ဂျီကျောင်းတော်မှ ရဟန်းမင်းကြီး၏ အတိုင်ပင်ခံဘုန်းတော်ကြီး (Cardinal) များ ဝတ်ဆင်သော ကြက်သွေးရောင်ဝတ်ရုံမှ ဆင်းသက်လာသည့် အမည်။

37. **Lawn:** LAWN PARTY. Eng. eqiv. Garden party.
A party, frequently informal, held in the open air.
အင်္ဂလိပ်အသုံးအနှုန်း၌ Garden ပါတီနှင့်အတူတူ။ အဆောက်အအုံ၏ အပြင်အပရှိ လဟာပြင် သို့မဟုတ် ကွင်းပြင်၌ ကျင်းပပြုလုပ်သည့် များသောအားဖြင့် အဆောင်အယောင် အခမ်းအနားနှင့် မဟုတ်သော သာမန်ဧည့်ခံပွဲ။ မြက်ခင်းပြင်ပွဲ ဥယျာဉ်ပွဲ။

38. **Let:** LET DOWN ONE'S HAIR.
Relax: behave informally.
သက်တောင့်သက်သာနေသည်။ အစဉ်အလာကို ထိန်းသိမ်းလျက် ဟန်တစ်လုံး ပန်တစ်လုံးဖြင့် တစ်ဆောင်တစ်ယောင် လုပ်မနေ။ စိတ်ပန်းကိုယ်ပန်း မဖြစ်အောင် နေသာသလို လွတ်လွတ်လပ်လပ်နေခြင်းဖြစ်သည်။
LET UP. 1. Stop; cease.
ရပ်စဲသည်။

mgyoe.com

mgyoe.com


He's a man who, having begun a job, will never let up until it's finished.
သူဟာ အလုပ်တစ်ခုကို စမိရင် မပြီးမချင်း ဘယ်တော့မှ ရပ်ပစ်မယ့် လူမျိုး မဟုတ်ဘူး။
2. Relax one's efforts.
လက်လျှော့သည်။ ကြိုးစား အားထုတ်မှုကို ရပ်တန့်သည်။
There will be no let up in our determination to provide more houses.
အိုးအိမ်များပိုမိုဆောက်လုပ်ရန်ဟူသည့် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန် ချမှတ်ထားချက်ကို လက်လျှော့လိမ့်မည် မဟုတ်ပေ။

39. **Limited:** LIMITED EXPRESS. Fast and luxurious train which carries only passengers prepared to pay extra fares for speed and comfort.
လျင်မြန်မှုနှင့် သက်သောင့်သက်သာရှိမှုတို့အတွက် ယာဉ်ခ ပိုမိုပေးဆောင်သည့် ခရီးသည်များကိုသာ ပို့ဆောင်ပေးသော လျင်မြန်ဇိမ်ကျသည့် မီးရထား။
PARLOUR CAR လည်းရှု။

40. **Maid:** MAID OF HONOUR, Eng. equiv. Chief bridesmaid. Not, as in the past, personal attendant upon a queen when she appeared in public.

mgyoe.com

mgyoe.com


အင်္ဂလိပ်အသုံးအနှုန်း၌ Chief bridesmaid နှင့် အတူတူ။ ရှေးခေတ်အသုံးအနှုန်းမှာ ဘုရင်မတစ်ပါး၊ ဗိုလ်ရှုခံသောအခါ လိုက်ပါခစားရသည့် အပျိုတော်ဖြစ်သော်လည်း ဤတွင် ယင်းအဓိပ္ပာယ်ကို ဆိုလိုခြင်း မဟုတ်ပေ။ ဤ၌ ဆိုလိုသည်မှာ သတို့သမီး၏ အဓိက အပျိုရံဖြစ်သည်။

41. **Mail:** MAIL MATTER, In the U.S.A this consists of 4 classes - 1st class, letters; 2nd class, officially recognized newspapers and periodicals, 3rd class, printed matter and parcels not over 8 oz, on weight; 4th class, anything else that may be sent by post.

တစ်နေရာမှ တစ်နေရာသို့ စာတိုက်မှ တစ်ဆင့် ပေးပို့လို့ရသည့် အရာဝတ္ထု သို့မဟုတ် ပစ္စည်း။

အမေရိကန်ပြည်ထောင်စု၌ ယင်းအရာဝတ္ထုကို အတန်းအစား ၄ မျိုး ခွဲခြားထားသည်။

ပထမအမျိုးအစားမှာ ပေးစာများဖြစ်သည်။ ဒုတိယအမျိုးအစားမှာ တရားဝင် အသိအမှတ်ပြုခြင်းခံရသည့် သတင်းစာများနှင့် အပတ်စဉ် လစဉ် စသည်ဖြင့် အချိန်မှန် ထုတ်ဝေသော စာစောင်များ ဖြစ်ကြသည်။ တတိယ အမျိုးအစားမှာ အလေးချိန် ၈ အောင်စထက် မပိုသော ပုံနှိပ်ထားသည့် အရာဝတ္ထုများနှင့်ပါဆယ်ထုပ်များ ဖြစ်သည်။ စတုတ္ထအမျိုးအစားမှာ စာတိုက်မှတစ်ဆင့် ပေးပို့လို့ရသည့် အခြားပစ္စည်းများ ဖြစ်သည်။

mgyoe.com

mgyoe.com


**42. Mason:** MASON AND DIXON'S LINE.

A line bases on a survey made in 1763-6 by two Englishmen, Mason and Dixon. It was accepted as defining the boundry between Maryland and West Virginia, following a dispute between those states, and was originally marked by milestones, on one side of which was carved the arms of William Penn, and on the other side those of Lord Baltimore. Until the abolition of slavery it was generally accepted as the dividing line between free and slave owning States.

မေဆင်နှင့် ဒစ်ကဆင်တို့၏ မျဉ်းကြောင်း။

၁၇၆၃–၆ ခုနှစ်၌ မေဆင်နှင့် ဒစ်ကဆင်အမည်ရှိ အင်္ဂလိပ်လူမျိုးနှစ်ဦး၏ တိုင်းတာချက်အပေါ်တွင် အခြေခံထားသည့် မျဉ်းကြောင်းဖြစ်သည်။ မေရီလင်းပြည်နယ်နှင့် အနောက်ဗာဂျီးနီးယားပြည်နယ်တို့ အငြင်းပွားခဲ့ကြရာ ယင်းမျဉ်းကြောင်းကို နယ်ခြားအဖြစ် သတ်မှတ်လက်ခံခဲ့ကြသည်။ မူလက ယင်းမျဉ်းကြောင်းတစ်လျှောက်တွင် မိုင်တိုင်များစိုက်ထူမှတ်သားထားခဲ့၍ တိုင်တို့၏ တစ်ဖက်၌ ဝီလျံပင်း၏ လက်မောင်းပုံကိုလည်းကောင်း၊ တိုင်တို့၏ အခြားတစ်ဖက်ဝယ် လော့ဒ်ဘောလ်တီမိုး၏ လက်မောင်းပုံကိုလည်းကောင်း ထွင်းလုပ်ထားရှိခဲ့သည်။ ကျေးကျွန်စနစ်ဖျက်သိမ်းချိန်အထိ ယင်းမျဉ်းကြောင်းကို လွတ်လပ်သော (ကျေးကျွန်စနစ်မရှိသည့်)

mgyoe.com

mgyoe.com


ပြည်နယ်တို့ကို ပိုင်းခြားပေးသော မျဉ်းကြောင်းအဖြစ် ယေဘုယျအားဖြင့် လက်ခံသိမှတ်ခဲ့ကြပေသည်။

43. **Measure:** MEASURE UP TO. Reach the level or standard of.
အဆင့်မီသည်။ စီမံသည်။ တန်းတူရည်တူ ပခုံးချင်းယှဉ်နိုင်သည်။
No girl is ever likely to measure up to May's standards of beauty.
ဘယ်မိန်းကလေးမှ မေ၏လှပမှုစံချိန်ကို မီဖွယ်မရှိ။

44. **Muscle:** MUSCLE INTO. Thrust one's way, frequently by illegal methods, into a business or profession.
စီးပွားရေးလုပ်ငန်း သို့မဟုတ် အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုတစ်ခုတွင်းသို့ တိုးဝင်သည်။ များသောအားဖြင့် တရားမဝင်သော (ဝါ) မမှန်မကန်သော နည်းဖြင့်။
Tom Smith is a newcomer, but he has already muscled into the political circles that control the town.
တွမ်စမစ်သည် မကြာမီကမှ ပြောင်းရွှေ့လာသူ တစ်ဦးဖြစ်သည်။ သို့သော် သူသည် မြို့ကို ထိန်းချုပ် ကွပ်ကဲထားသည့် နိုင်ငံရေး အသိုက်အဝန်းထဲသို့ တိုး၍ ဝင်ရောက်လာပြီ ဖြစ်သည်။

mgyoe.com

mgyoe.com


45. **Night:** NIGHT STICK. A short, heavy truncheon used by policemen on night duty.
ညတာဝန်ကျသည့် ရဲများ ကိုင်ဆောင်သော တို၍ လေးလံသိပ်သည်းသည့်တုတ်။

46. **Oil:** OIL-CAN (S). An unattractive or unpopular girl.
ဆွဲဆောင်မှုမရှိသော သို့မဟုတ် လူကြိုက်မများသော မိန်းကလေး။

47. **Old:** OLD COLONY. Massachusetts.
မာဆာချူးဆက် ပြည်နယ်။
OLD DOMINION. Virginia.
ဗာဂျီးနီးယား ပြည်နယ်။
OLD GLORY. The national flag, the Stars and Stripes.
ကြယ်ပွင့်များနှင့် အစင်းကြောင်းများပါရှိသော နိုင်ငံတော်အလံ (အမေရိကန် ပြည်ထောင်စုအလံ)။

48. **Once:** ONCE OVER. A brief, superficial examination.
ခဏမျှ အပေါ်ယံကြော စစ်ဆေးကြည့်ရှုခြင်း။
I gave the car the once-over before we started.
ကျွန်တော်သည်ခရီးစတင်မထွက်မီ ကားကို ခဏမျှ အပေါ်ယံ

mgyoe.com

mgyoe.com


ကြော စစ်ဆေးကြည့်ရှုခြင်း ပြုခဲ့သည်။

49. **One:** ONE HORSE. Inferior; of little importance.

သေးသိမ်နုံချာသော အရေးပါခြင်း မရှိသော။

Mother lives in a one-horse town near Boston.

အမေသည် ဘော်စတွန်မြို့အနီးရှိ သေးသိမ်နုံချာသော မြို့တစ်မြို့၌ နေထိုင်သည်။

50. **Out:** AT OUTS. Disagreeing with.

သဘောမတူဖြစ်သည်။ သဘောကွဲလွဲသည်။

Mary is at outs with John over their holiday.

သူတို့၏ အားလပ်ရက်ကို ဘယ်လို ကုန်လွန်အသုံးချရေးနှင့် ပတ်သက်၍ မေရီသည် ဂျွန်နှင့် သဘောထားကွဲလွဲသည်။

51. **Owl:** OWL TRAIN. One leaving the terminus between mid-night and dawn. Similarly, Owl Taxi, one available for hire during those hours.

ညလယ်သန်းခေါင်နှင့် မိုးသောက်ချိန်အကြား၌ ဘူတာရုံမှ ထွက်သည့် မီးရထား။ အလားတူ ယင်းအချိန်အတွင်း၌ ပြေးဆွဲသည့် တက္ကဆီကားကိုလည်း Owl Taxi ဟု ခေါ်သည်။ (Owl = ဇီးကွက်)

mgyoe.com

mgyoe.com


52. **Packet:** PACKET. A packet (S). A considerable sum.

ငွေကြေး အမြောက်အမြား။

The old man made a packet out of his gold-mining shares.

အဘိုးကြီးသည် သူ၏ရွှေတွင်း တူးဖော်ရေးလုပ်ငန်းအစုရှယ်ယာများမှ ငွေကြေးအမြောက်အမြား ရရှိခဲ့သည်။

53. **Pail:** PAIL. The full dinner-pail. Symbol of general working class properity.

ယေဘုယျအလုပ်သမား လူတန်းစားတို့၏ တိုးတက်ကြီးပွားမှုကို ဖော်ပြသည့် အမှတ်လက္ခဏာ။ ကောင်းမွန်စွာ စားသောက်နေထိုင်ရေး။ (တိုက်ရိုက် အဓိပ္ပာယ်မှာ ညစာလက်ဆွဲပုံးနှင့် အပြည့်)

Every labourer dreams of plenty of leisure and a full dinner-pail.

အလုပ်သမားတိုင်း အားလပ်ချိန်များ ရပြီး ကောင်းမွန်စွာ စားသောက်နေထိုင်ရေးကို စိတ်ကူးယဉ်တမ်းတသည်။

54. **Parlour:** PARLOUR CAR.

A luxuriously-fitted railway car for the use of which an extra charge is made.

ခမ်းနားစွာ မွမ်းမံဆင်ယင်ထားသည့် ဇိမ်ခံမီးရထားတွဲ။ ယင်း၌ လိုက်ပါလိုလျှင် အခကြေးငွေ အပိုပေးဆောင်ရသည်။

mgyoe.com

mgyoe.com


LIMITED EXPRESS လည်း ရှိ။

55. **Patrol:** PATROL WAGON. Eng. equiv. Police van, or "Black Maria." The vehicle in which prisoners are taken to the police station or jail.
အင်္ဂလိပ်အသုံးအနှုန်း၌ Police van သို့မဟုတ် Black Maria နှင့် တူညီသည်။ ထောင်သားများကို ရဲစခန်း သို့ မဟုတ် ထောင်သို့ ပို့ဆောင်သည့် ယာဉ်။
(ကင်းလှည့်စောင့်ရှောက်သည့်ကား၊ ကင်း ကားဟုလည်း အဓိပ္ပာယ်ရသည်။)

56. **Pay:** PAY-ROLL. Eng. equiv. Salary list. List of a firm's employees and their salaries.
အင်္ဂလိပ် အသုံးအနှုန်း၌ Salary list နှင့် တူညီသည်။ ကုမ္ပဏီအလုပ်သမား စသူတို့နှင့် သူတို့၏ လစာများကို ဖော်ပြထားသည့် လစာစာရင်း။

57. **Penalty:** PENALTY ENVELOPE. One used for Government business, and upon which no postage-stamp is necessary (Eng. equiv., one marked "O. H. M. S.") A "penalty" is charged when it is unofficially and improperly used:

mgyoe.com

mgyoe.com



အစိုးရဌာနများ၊ လုပ်ငန်းများအတွက်သာ အသုံးပြုသည့် စာအိတ်။ ယင်းစာအိတ်ပေါ်တွင် တံဆိပ်ခေါင်းကပ်ရန်မလို။ (အင်္ဂလန်၌ ယင်းစာအိတ်မျိုးတွင် "O.H.M.S" ဟု တံဆိပ်ခတ်နှိပ်ထားသည်။ အရှည်မှာ On Her/ His Majesty's Service ဖြစ်၍ ဘုရင်မ/ ဘုရင်မင်းမြတ်၏ အမှုတော်ဟု အဓိပ္ပာယ်ရသည်။)
ယင်းစာအိတ်ကို ရုံးကိစ္စမဟုတ်ဘဲ အလွဲသုံးစားအသုံးပြုလျှင် ဒဏ်ရိုက်ခြင်းခံရသည်။

58. **Pipe:** PIPE-LAYING (S). Eng. equiv. Wire-pulling. Exerting private influence for political and similar purposes.
အင်္ဂလိပ်အသုံးအနှုန်း၌ Wire-pulling နှင့် တူညီသည်။ နိုင်ငံရေးတွင်ဖြစ်စေ၊ အခြားသော အလားတူကိစ္စများတွင် ဖြစ်စေ သီးသန့်ပုဂ္ဂိုလ်ရေး အရှိန်အဝါများကို အသုံးချ၍ အခွင့်အရေးယူသည်။
After a good deal of pipe-laying, Thomson got himself appointed Chairman of the Committee.
ပုဂ္ဂိုလ်ရေး အရှိန်အဝါ (အကပ်အဖား) တို့ကို ကောင်းစွာ အသုံးပြု၍ သွန်မဆင်သည် ကော်မတီဥက္ကဋ္ဌ ခန့်အပ်ခြင်းခံခဲ့ရသည်။

59. **Plate:** PLATE LUNCH (or DINNER).

mgyoe.com

mgyoe.com


A meal in which, to save, time, the entire course-meat, vegetable, etc. is heaped on one plate.
နေ့လယ်စာ သို့မဟုတ် ညစာ စားရာ၌ အစမှ အဆုံးတိုင် အချိန်ကုန်သက်သာစေရန် အသား၊ ဟင်းသီးဟင်းရွက် စသည့်ဟင်းတို့ကို ပန်းကန်ပြား တစ်ချပ်ထဲတွင် ပုံ၍ စားသောက်ခြင်း။

60. **Play:** PLAY THE RACES, Bet on horse races.
မြင်းအပြေးပြိုင်ပွဲများ၌ လောင်းကစားသည်။ မြင်းလောင်းသည်။

61. **Pony:** RIDING ON A PONY.
Using a translation (or crib) to help one, illegally, to pass an examination.
ဘာသာပြန်ထားချက်မှ ကူးရေးခြင်း သို့မဟုတ် ခိုးချခြင်းဖြင့် မသမာစွာ စာမေးပွဲအောင်မြင်ရန် ကူးသည်။
He would have failed if he had not been smart enough to ride on a pony through his Greek prose.
သူသည် ဂရိစကားပြေဖြေဆိုရာ၌ လူလည်ကျစွာဖြင့် ကူးယူခိုးချခြင်း မပြုခဲ့လျှင် စာမေးပွဲကျခဲ့ဖွယ်ရှိသည်။

62. **Poor:** POOR WHITES. Originally applied to

mgyoe.com

mgyoe.com


the white families living in the Southern States of America, but possessing no slaves. Later used indiscriminately of the shiftless, lazy and generally discreditable white inhabitants of the South.

မူလဘူတအားဖြင့် ကျေးကျွန်များ ပိုင်ဆိုင်ခြင်းမရှိဘဲ အမေရိက တောင်ပိုင်းပြည်နယ်များ၌ နေထိုင်သည့် လူဖြူမိသားစုများကို ရည်ညွှန်းဆိုလိုသော စကားအသုံးအနှုန်းဖြစ်၍ အဓိပ္ပာယ်မှာ "ဆင်းရဲသော လူဖြူများ" ဟု ဖြစ်သည်။ နောင်အခါ၌ ကောင်းစွာ ဘဝရပ်တည်နိုင်စွမ်းမရှိသော ပျင်းရိသော၊ များသောအားဖြင့် ဂုဏ်သရေလည်း ကင်းမဲ့သော တောင်ပိုင်းနေ လူဖြူများကို ရည်ညွှန်းခေါ်ဝေါ်ရာတွင် ယင်းဝေါဟာရကို ခပ်ပေါ့ပေါ့ဖြင့် ရမ်းဆသိမ်းရုံး အသုံးပြုသည်။

63. **Prairie:** PRAIRIE SCHOONER. The large, old fashioned two horse wagon in which early settlers in America packed themselves, their families and their possessions, and followed by their cattle, travelled westward.

မြင်းနှစ်ကောင်ကသည့် ကြီးမား၍ ရှေးဆန်သော ရထား။ အမေရိကတိုက်၌ ရှေးဦးလာရောက် အခြေချနေထိုင်သူတို့ အသုံးပြုသည်။ သူတို့သည် မိသားစုများနှင့်အတူ အထုပ်အပိုးများ၊ ပစ္စည်းများ စသည်တို့ကို ရထားပေါ် တင်၍ အနောက်ပိုင်းဒေသများသို့ ခရီးနှင်ခဲ့ကြရာ သူတို့၏ နွားအုပ်

mgyoe.com

mgyoe.com


များက နောက်မှ လိုက်ပါကြသည်။

64. **Prudential:** PRUDENTIAL COMMITTEE. One elected to deal especially with the financial affairs of a company.
ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးကိစ္စများကို အထူးသဖြင့် ဆောင်ရွက်ရန် ရွေးကောက်ဖွဲ့စည်းထားသည့် ကော်မတီ။

65. **Public:** PUBLIC ENEMY. A modern term, roughly equivalent to the old English word "outlaw", applied to a criminal for whose arrest the Government offered a reward. The first person officially designated as Public Enemy No. 1 was AL Capone, the reward being $ 25,000. The next was Dillinger, shot down in Chicago by Federal Police in 1934.
ပြည်သူ့ရန်သူ။ ခေတ်အသုံးအနှုန်းတစ်ရပ်ဖြစ်သည်။ အကြမ်းအားဖြင့် အင်္ဂလိပ်အသုံးအနှုန်း outlaw (ဝရမ်းပြေး) နှင့် အဓိပ္ပာယ်တူညီသည်။ ယင်းအား ဖမ်းမိနိုင်ရေးအတွက် အစိုးရက ဆုတော်ငွေ ထုတ်ထားသော ရာဇဝတ်ကောင်မျိုးအတွက် သုံးသည့် ဝေါဟာရဖြစ်သည်။ (အမေရိကန်ပြည်ထောင်စု၌) ပြည်သူ့ရန်သူအမှတ် (၁) အဖြစ် ပထမဆုံး သတ်မှတ်ခံရသူမှာ လူဆိုးကြီး အယ်လ်ကပုန်းဖြစ်သည်။ ဆုတော်ငွေ ဒေါ်လာ ၂၅၀၀၀ ထုတ်ခဲ့သည်။ နောက်တစ်ဦးမှာ ဒီလင်ဂျာ

mgyoe.com

mgyoe.com


ဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် ပြည်ထောင်စု ရဲတပ်ဖွဲ့ဝင်များ
က သူ့ကို ရှီကာဂိုမြို့၌ ပစ်သတ်ခဲ့သည်။

66. **Quaker:** QUAKER CITY. Philadelphia, founded by William Penn, the Quaker.
ကွိတ်ကာမြို့။ ဖိလဒဲလ်ဖီးယားမြို့ကို ခေါ်ခြင်းဖြစ်သည်။ ယင်းမြို့ကို ဝီလျံပင်းအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးက တည်ခဲ့သည်။ သူသည် ကွိတ်ကာ ခေါ် ခရစ်ယာန် အသင်းသားတစ်ဦးဖြစ်သည်။

67. **Real:** REAL ESTATE. Land and houses. REALTOR, Eng, equiv.
House agent, one who deals in such property.
ခြံမြေ အိုးအိမ်များ။ ခြံမြေအိုးအိမ် ကိုယ်စားလှယ်။
အင်္ဂလိပ်အသုံးအနှုန်း၌ House-agent နှင့် တူညီသည်။ ထိုသူသည် ခြံမြေအိုးအိမ်များနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ပေးသည်။

68. **Right:** RIGHT OF WAY. Eng. equiv. of Permanent way, the track along which a train or trains run.
မီးရထား သို့မဟုတ် မီးရထားများသွားသည့်လမ်း။
အင်္ဂလိပ်အသုံးအနှုန်း၌ Permanent Way နှင့် တူညီသည်။

mgyoe.com

mgyoe.com


(သူတစ်ထူး မြေရာ ဖြတ်သန်းသွားပိုင်ခွင့် အဓိပ္ပာယ်နှင့်လည်း သုံးသည်။)

69. **Room:** ROOMING HOUSE, Eng equiv. Lodging-house, as distinct from a hotel or boarding-house in which the inmates have their meals.

တည်းခိုခန်း၊ တည်းခိုအိပ်စက်ရန် အခန်းငှားရမ်းသည့် အိမ်အဆောက်အအုံ။ အင်္ဂလိပ်အသုံးအနှုန်း၌ Lodging-house နှင့် တူညီသည်။ နေထိုင်သူများကို ထမင်းအစား အစာပါ ကျွေးသော ဟိုတယ်၊ သို့မဟုတ် ဘော်ဒါဆောင်တို့နှင့် ခြားနားသည်။

70. **Row:** ROW OF BEANS. Eng. equiv. Row of pins or Two pins. Of little, or no value. Almost always used in the negative sense.

အင်္ဂလိပ်အသုံးအနှုန်း၌ Row of pins or Two pins နှင့် တူညီသည်။ တန်ဖိုးမထား၊ ဂရုမစိုက်၊ အမြဲတမ်းလိုလို အငြင်းဝါကျ၌သာ သုံးသည်။

I don't care a row of beans for your objections.

မင်းရဲ့ကန့်ကွက်ချက်ကို ငါ လုံးဝ ဂရုမစိုက်။

71. **Saloon:** SALOON-KEEPER. Eng. equiv. Pub-

mgyoe.com

mgyoe.com


lic-house keeper; Landlord.
အင်္ဂလိပ်အသုံးအနှုန်း၌ Public-house keeper; Landlord တို့နှင့် တူညီသည်။
အများပြည်သူ တည်းခိုဆောင်ပိုင်ရှင်။ အိမ်ရှင်။

72. **Say:** SAY-So. Expression of opinion; also decision.
အယူအဆ၊ ဆုံးဖြတ်ချက်တို့ကို ထုတ်ဖော်တင်ပြခြင်း။
I don't expect to be allowed any say-so in the matter. You have the final say-so.
သည်ကိစ္စနှင့် ပတ်သက်၍ အယူအဆ ထုတ်ဖော်တင်ပြခွင့် ရလိမ့်မယ်လို့ ကျွန်ုပ် မမျှော်လင့်။ သင်သည် နောက်ဆုံးအနေနှင့် အယူအဆ ထုတ်ဖော်တင်ပြရန် ဖြစ်သည်။

73. **Scratch:** SCRATCH-PAD (or BLOCK), Eng. equiv. Scribbling block, Pad or paper used for making rough notes.
အင်္ဂလိပ်အသုံးအနှုန်း၌ Scribbling-block နှင့် တူညီသည်။ မှတ်စုကြမ်းများ။ ရေးမှတ်ရန် စာရေးစက္ကူကတ် သို့မဟုတ် စာရွက်။

74. **Shingle:** PUT UP ONE'S SHINGLE.
Eng. equiv. Put up one's brass plate-the engraved plate used by doctors, dentists, etc.,

mgyoe.com

mgyoe.com


that indicates one's profession and qualifications.
ကြေးဆိုင်းဘုတ်တင်သည်။
အင်္ဂလိပ်အသုံးအနှုန်း၌ Put up one's brass plate နှင့် တူညီသည်။ ကျနစွာ ထွင်းထု ပြုလုပ်ထားသော ကြေးဝါပြား (ဆိုင်းဘုတ်)။
ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ စသူတို့က ယင်းကို အသုံးပြု၍ သူတို့၏အတတ်ပညာဆိုင်ရာ လုပ်ငန်း၊ အရည်အချင်း၊ အမည်စသည်တို့ကို ကြေးဆိုင်းဘုတ်ပေါ်တွင် ရေးထိုးထားသည်။

75. **Shoe:** ON A SHOE-STRING. With very small or inadequate capital.
ငွေကြေး အရင်းအနှီးမဖြစ်စလောက် မပြည့်မစုံဖြင့်။
He started the business on a shoe string and is now a millionaire.
သူသည် လုပ်ငန်းကို အရင်းအနှီးမဖြစ်စလောက် မပြည့်စုံဖြင့် စတင်ခဲ့၍ ယခုသန်းကြွယ် သူဌေးဖြစ်နေပြီ။

76. **Shoot:** SHOOT TO DEATH. Shoot dead.
ပစ်သတ်သည်။
The robber was shot to death as he tried to escape.
ထွက်ပြေးရန် ကြိုးစားသဖြင့် ဓားပြသည် ပစ်သတ်ခံခဲ့ရသည်။

mgyoe.com

mgyoe.com


77. **Short Order:** Eng. equiv. In no time. Very quickly; almost at once.
အင်္ဂလိပ်အသုံးအနှုန်း၌ In no time နှင့် တူညီသည်။
အလွန်လျင်မြန်စွာ ချက်ချင်းလိုလို။
They extinguished the blaze in short order.
သူတို့သည် မီးတောက်မီးလျှံကို အလွန်လျင်မြန်စွာ ငြိမ်းသတ်ခဲ့ကြသည်။

78. **Shot:** BIG SHOT, or NOISE (S). Important and / or influential person.
အရေးပါ အရာရောက်ခြင်းရှိ၍၊ (သို့မဟုတ်) သြဇာအာဏာရှိန်အဝါ ကြီးမားသော ပုဂ္ဂိုလ်။

79. **Side:** ON THE SIDE. As well as; in addition to.
နှင့်အတူ၊ ရော... ပါ။ ထိုမှတစ်တန် ထို့အပြင်။
We were invited to dinner, and on the side, to a concert afterwards.
ကျွန်တော်တို့ကို ညစာ စားပွဲသို့ ဖိတ်ကြားခဲ့သည်။ ထိုမှတစ်တန် ယင်းနောက်၌ ကပွဲသို့လည်း ဖိတ်ကြားခဲ့သည်။
SIDE-BURNS, Short whiskers worn /with a moustache and ending at the angle of the jaw.
ပါးမုန်းမွေး နှုတ်ခမ်းမွေးနှင့် ယှဉ်တွဲလျက် ယောကျ်ားတစ်ယောက်၏ ပါးပြင်အောက်ပိုင်း၌ (မေးရိုးပေါ်အထိ) ထားရှိသော အမွေး။

mgyoe.com

mgyoe.com


SIDE-WALK. Eng. equiv, pavement. which word in America for the Eng. "Road".
အင်္ဂလိပ် အသုံးအနှုန်း၌ Pavement နှင့် တူညီသည်။ လမ်းဘေး စင်္ကြံ။ အင်္ဂလိပ်၌ စင်္ကြံဟု နားလည်သည့် Pavement ကို အမေရိကန်တို့က "လမ်း" ဟု သဘောပေါက်သည်။
The stands erected to see the procession filled the side walk and pedestrains were compelled to tramp along on the pavement.
လမ်းဘေးစင်္ကြံ (ပလက်ဖောင်း) သည် လှည့်လည်ပွဲကို ကြည့်ရှုရန် ဆောက်လုပ်ထားသည့် စင်များဖြင့် နေရာ မလပ် ပြည့်ကျပ်နေ၍ လမ်းသွား လမ်းလာတို့အနေဖြင့် လမ်းပေါ် တက်လျှောက်ကြရသည်။ (ပလက်ဖောင်းပေါ်မှာ လျှောက်စရာ နေရာမရှိလို့)

80. **Silent:** SILENT PARTNER. Eng. equiv. sleeping partner.
အင်္ဂလိပ်အသုံးအနှုန်း၌ Sleeping Partner နှင့် တူညီသည်။
အိပ်နေသော အစုရှယ်ယာဝင်။ ဆိုလိုသည်မှာ လုပ်ငန်း၌ ငွေသာ ထည့်ထားပြီး။ တစ်စုံတစ်ရာ တာဝန်ယူလုပ်ဆောင်ခြင်း မပြုသူ။

81. **Sit:** SIT DOWN HARD UPON, Eng, equiv. Set one's face against.

mgyoe.com

mgyoe.com


အင်္ဂလိပ်အသုံးအနှုန်း၌ Set one's face against နှင့် တူညီသည်။ အဓိပ္ပာယ်မှာ ဆန့်ကျင်သည်။

82. **Station:** STATION HOUSE, Eng. equiv. Police station.
အင်္ဂလိပ်အသုံးအနှုန်း၌ Police station နှင့် တူညီသည်။ ရဲစခန်း။

83. **Step:** STEP LIVELY, Move quickly.
လျင်မြန်စွာ ရွေ့လျားသည်။ သွားသည်။
If you don't step lively we shall miss the train.
မင်း မြန်မြန်မသွားရင် ငါတို့ ရထားမမီးဘဲ နေလိမ့်မည်။
STEP ON THE GAS (S). Lit. Step on the accelerator of a car, increasing its speed. Met, Quicken one's action; hasten; hurry.
မူလအဓိပ္ပာယ် လျင်မြန်နှုန်း တိုးမြှင့်ဖို့အတွက် မော်တော်ကား၏ အဆက်လာရေးတား (ကား၏ အရှိန်မြှင့်ရန် ဖိနင်းရသည့် အရာ) ကို နင်းသည်။ တင်စား အဓိပ္ပာယ် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်ကို ပိုမိုလျင်မြန် သွက်လက်လာစေသည်။

84. **Stop:** STOP BY or IN. Eng. equiv. Look in; Drop in. Visit casually when passing.

mgyoe.com

mgyoe.com


အင်္ဂလိပ်အသုံးအနှုန်း၌ Look in; Drop in တို့နှင့် တူညီသည်။ ဖြတ်သွား ဖြတ်လာရင်း အမှတ်မထင် ဝင်လည်သည်။
As he approached his old home, he thought he would stop by for a few moments.
သူသည် နေထိုင်ခဲ့ရာ အိမ်ဟောင်းအနီးသို့ ရောက်ရှိသွားစဉ် ခဏလောက် ဝင်လည်ရန် စိတ်ကူးရခဲ့သည်။

85. **Straight:** STRAIGHT TICKET. Election; To vote for all the Candidates of one's party a thing impossible in England by making a cross in the top of a list of candidates.
ရွေးကောက်ပွဲဆိုင်ရာ အီဒီယံ။ (အမေရိကန်တွင် အမတ်လောင်းစာရင်း၏ ထိပ်တွင် ကြက်ခြေခတ်ခြင်းအားဖြင့် မိမိပါတီမှ အမတ်လောင်းအားလုံးကို ဆန္ဒမဲပေးသည်။ အင်္ဂလန်တွင် ထိုသို့လုပ်၍ မရ။)

86. **Straw:** STRAW VOTE. An unofficial vote, usually taken shortly before an election with the object of revealing the general trend of public opinion. More commonly known in England as a Gallup Poll.
ပြည်သူ့ဆန္ဒသဘောထားကို သိရှိရန် ရည်ရွယ်ချက်ဖြင့် ရွေးကောက်ပွဲ မကျင်းပမီ ရက်ပိုင်းအတွင်း၌အလွတ်သဘော အစမ်းဆန္ဒ ကောက်ယူခြင်း။ ယင်းသို့ပြုလုပ်ခြင်းကို အင်္ဂလန်

mgyoe.com

mgyoe.com


၌ Gallup Poll ဟု ပိုမို လူသိများ ခေါ်ဝေါ်သည်။

87. **String:** A STRING TO IT. A statement or agreement to which some condition is attached.
သတ်မှတ်ချက်တစ်ရပ် ပူးတွဲပါရှိသည့် သဘောတူညီချက်။ နှောင်ကြိုး တပ်ထားခြင်း။
He said he would support the candidate but I'm certain that there's a string to it somewhere.
သူက အမတ်လောင်းကို ထောက်ခံမည်ဟု ပြောခဲ့သည်။ သို့သော် ထောက်ခံအားပေးမှု၌ တစ်နည်းတစ်ဖုံ နှောင်ကြိုး တပ်ထားမှာ ဖြစ်ကြောင်း ကျွန်ုပ် အသေအချာသိသည်။
STRING TIE. A narrow necktie fastened in front with a small bow.
ဘိုးတိုင်ခေါ် လိပ်ပြာပုံ ကွင်းလျှော လည်စည်းကြိုးပြား၏ ရှေ့တွင် ချည်နှောင်ထားသည့် ကြိုးကလေး။

88. **Tell:** TELL GOODBYE. Eng. equiv. Bid farewall.
အင်္ဂလိပ်အသုံးအနှုန်း၌ Bid farewell နှင့် တူညီသည်။ ခွဲခွာခါနီး နှုတ်ဆက်သည်။

89. **Thus:** THUS AND SO. A curiously redundant idiom, the English equivalent being "thus" or

mgyoe.com

mgyoe.com


"so" only.
မလိုအပ်ဘဲ အံ့စဖွယ်စကားလုံး ဖောင်းပွနေသည့် အီဒီယံ အသုံးအနှုန်းတစ်ရပ်။ (Thus သို့မဟုတ် so တစ်လုံးတည်း သုံးရုံမျှနှင့် ပြီးသည်။) အင်္ဂလိပ်အသုံးအနှုန်း၌ Thus သို့မဟုတ် so နှင့် တူညီသည်။
Many people would behave thus and so if this happened.
ယခုလိုဖြစ်လာခဲ့လျှင် လူများစုတို့သည် ဤသို့ ဤနှယ် ပြုလုပ်ဖွယ်ရှိသည်။

90. **Tie:** TIE UP WITH. Eng. equiv. Join forces with.
အင်္ဂလိပ်အသုံးအနှုန်း၌ join forces with နှင့် တူညီသည်။ ပူးပေါင်းလှုပ်ရှားသည်။ အတူတကွ လုပ်ဆောင်သည်။

91. **Town:** ON THE TOWN. Eng. equiv. On the parish.
Supported by the parish authorities; living in an institution for paupers.
အင်္ဂလိပ်အသုံးအနှုန်း၌ On the parish နှင့် တူညီသည်။ ဆိုင်ရာအရပ်ဒေသအာဏာပိုင်တို့၏ ထောက်ပံ့ကျွေးမွေးမှုကို ခံယူနေရသည်။
အသက်မွေးလုပ်ငန်း လုံးဝမရှိသည့် အလွန်ဆင်းရဲသူတို့ နေ

mgyoe.com

mgyoe.com


ထိုင်ခိုလှုံရာ ရိပ်သာဌ် အများပြည်သူ၏ သဒ္ဓါကြေးထောက်ပံ့ လှူဒါန်းငွေဖြင့် နေထိုင်ခြင်း။

92. **Up:** UP AND COMING. Youthfully alert and self-confident.

နုနယ်ပျိုမျစ် သွက်လက်၍ မိမိကိုယ်မိမိ စိတ်ချယုံကြည်မှု ရှိသော။

Moe was a smart up and coming girl of sixteen.

မိုးသည် တော်သည့် နုနယ်ပျိုမျစ်သွက်လက်၍ မိမိကို မိမိ စိတ်ချယုံကြည်မှုရှိသော ၁၆ နှစ်အရွယ် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။

UP TOWN. The superior or residential area of a town.

မြို့တစ်မြို့၏လူကုံထံတို့ နေထိုင်ရာ ထည်ဝါခံ့ညားသော လူနေရပ်ကွက်။

93. **Wash:** WASH-RAG. Eng. euqiv. Face-cloth. A small square cloth used for washing one's face and hands.

အင်္ဂလိပ် အသုံးအနှုန်း၌ Face-cloth နှင့် တူညီသည်။ မျက်နှာနှင့် လက်များကို ဆေးကြောသန့်စင်ရာတွင် အသုံးပြုသည့် စတုရန်းပုံ အဝတ်စငယ်။

mgyoe.com

mgyoe.com

94. **Way:** WAY-STATION. WAY TRAIN. A railway station of minor importance frequently equiv. to the English halt. WAY TRAIN. Eng. equiv. Slow train, is one wich stops at such stations.

အရေးပါအရာရောက်ခြင်း မရှိသည့် မီးရထားဘူတာ အသေးအနုတ်။ အင်္ဂလိပ်အသုံးအနှုန်း၌ halt နှင့် တူညီသည်။

way train = slow train

အင်္ဂလိပ်အသုံးအနှုန်း၌ အနှေးရထားဆိုသည်မှာ ယင်းသို့သော မီးရထားရပ်ရုံမျှသာအထိ အဆင့်နိမ့်သည့် ဘူတာငယ်ကလေးများ၌ ရပ်သည့် ရထားကို ဆိုလိုသည်။

95. **White:** WHITE WINGS. Colloquial name for New York street cleaners, who are equipped with white uniforms.

နယူးယောက်မြို့က လမ်းသန့်ရှင်းရေးလုပ်သားများအတွက် အရပ်သုံး အခေါ်အဝေါ်ဖြစ်သည်။ ထိုသူတို့သည် အဖြူရောင်ဆင်တူ ဝတ်စုံများကို ဝတ်ဆင်ကြသည်။

96. **Wide:** WIDE OPEN. Applied to a town or city when the laws against immorality. drinking, etc., are openly disregarded.

ကိုယ်ကျင့်တရား ပျက်ပြားခြင်း၊ အရက်သေစာသောက်စားခြင်း စသည်တို့ကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုထား

mgyoe.com

mgyoe.com


သည့် သာမန်မြို့ သို့မဟုတ် ဗဟိုအစိုးရက အထူးအုပ်ချုပ်မှု အခွင့်အရေး ပေးထားသော အရေးပါ အရာရောက်သည့် မြို့ကြီးများကို ညွှန်းဆိုသော အခေါ်အဝေါ်ဖြစ်သည်။

The Mayor is largely responsible for this town being the most wide open in the country.

တစ်ခရိုင်လုံးတွင် ဤမြို့သည် ကိုယ်ကျင့်တရား ပျက်ပြားခြင်း၊ သောက်စားမူးရူးခြင်း စသည်တို့၌ အဆိုးရွားဆုံး ဖြစ်နေမှုအတွက် မြို့တော်ဝန်မှာ အကြီးအကျယ် တာဝန်ရှိသည်။

97. **Woods:** TAKE TO THE WOODS. Run away form one's responsibilities; especially in connection with voting.

အထူးသဖြင့် ဆန္ဒမဲပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံသား တစ်ယောက်၏ မွေးရာပါ တာဝန်အခွင့်အရေးမှ ရှောင်ရှားလစ်သွားသည်။ ဆိုလိုသည်မှာ မဲမပေးဘဲ နေသည်။ ပေးရန် ပျက်ကွက်သည်။

On election day half those who have said that they are going to vote for Thompson will probably take to the woods.

သွန်မဆင်ကို ဆန္ဒမဲပေးမည်ဟု ကတိကဝတ်ပြုထားသူများထဲမှ ထက်ဝက်သည် ရွေးကောက်ပွဲနေ့၌ ရှောင်ရှားလစ်သွားဖွယ် ရှိသည်။

mgyoe.com

mgyoe.com


98. **Yellow:** YELLOW DOG. An utterly contemptible person.
အလွန်အမင်း စက်ဆုပ်စရာ ကောင်းသူ။
The defendant is a yellow dog and unfit for any decent post.
တရားမမှုမှ တရားခံသည် အလွန်စက်ဆုပ်စရာကောင်းသူ ဖြစ်၍ သင့်တင့်လျောက်ပတ်သောရာထူးတစ်ခုနှင့် မထိုက်တန်ပေ။
A YELLOW DOG FUND, One used for purposes of bribery.
လာဘ်ထိုးခြင်းကိစ္စများအတွက် အသုံးပြုရန် ရန်ပုံငွေ။

❒

mgyoe.com

mgyoe.com

# Verbs + Prepositions/Adverbs

ဝိဘတ် သို့မဟုတ် ကြိယာဝိသေသနလိုက်သည့် ကြိယာများနှင့် ယင်းတို့၏ အသုံးအနှုန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖော်ပြထားပါသည်။

အောက်စဖို့ တက္ကသိုလ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသည့် A.J Thomson နှင့် A.V. Martinet တို့၏ A Practical English Grammar စာအုပ်၊ အခန်း ၃၁ ကို မြန်မာမှုပြုထားခြင်းလည်း ဖြစ်ပါသည်။

ကျွန်တော်၏ 'လက်တွေ့အင်္ဂလိပ်သဒ္ဒါ' စာအုပ်ကို ရိုက်နှိပ်ခဲ့စဉ်က ယင်းအခန်းကို အကြောင်းအမျိုးမျိုးကြောင့် ဖြုတ်ထားခဲ့ရပါသည်။ ထိုအခန်းသည် လက်ရေးဖြင့် ဖူးစကက်စာရွက် ၁၂၀ ရှိ၍ စာဖောင်နှင့် တွက်ကြည့်လျှင် ၁၅ ဖောင်ခန့် (ပုံနှိပ် စာမျက်နှာ ၁၅၀ ခန့်) ရှိနိုင်ပါသည်။

ယင်း အခန်းမပါဘဲနှင့်ပင် ကျွန်တော့်စာအုပ်မှာ စာမျက်နှာ ၇၀၀ ကျော်၍ တန်ဖိုး ၁၀၀ိ/ သတ်မှတ်ရပါသည်။ ထိုစာအုပ်အတွက် စက္ကူ

mgyoe.com

mgyoe.com


ကလည်း ဖောင် ၇၀ (စာမျက်နှာ ၇၀၀) သာ ရပါသည်။

အခြားအကြောင်းတစ်ရပ်ကိုလည်း တင်ပြရန် လိုမည်ထင်ပါသည်။ ကျွန်တော့်အနေဖြင့် သဒ္ဒါစာအုပ်ထဲတွင် စာမျက်နှာများစွာ နေရာယူမည့် ဝိဘတ်၊ ကြိယာဝိသေသနလိုက်သော ကြိယာများအကြောင်းကို တင်ပြရန် ဆန္ဒမရှိပါ။ သဒ္ဒါစာအုပ်သက်သက်သာဖြစ်ဖို့ စိတ်အားထက်သန်ပါသည်။

ဖြုတ်ပယ်ထားခဲ့ရသော အခန်းကို ပုံနှိပ်ထုတ်ဝေနိုင်ပြီ ဖြစ်သောကြောင့် A Practical English Grammar ကို မူရင်းအတိုင်း အပြည့်အစုံ လေ့လာလိုကြကုန်သော စာဖတ်သူများ၏ လိုအင်ဆန္ဒသည် ယခုပြည့်ဝပြီ ထင်ပါသည်။

ကျွန်တော်၏ ထွက်ခဲ့ပြီးဖြစ်သည့် 'ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ' စာအုပ်ထဲတွင် ပါဝင်သည့် ကြိယာအချို့ ဤစာအုပ်ထဲ၌ ပါဝင်ပါသည်။ အများးစုမှာမူ တခြားစီ ဖြစ်ပါသည်။

နှစ်အုပ်လုံး၌ပါရှိသည့် ကြိယာအချို့၏ သုံးထားပုံကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပထမအုပ်သည် အမေရိကန်ရှုထောင့်မှ ဖြစ်သလို ယခုစာအုပ်မှာ အောက်စဖို့ဓာက္ကသိုလ်ထုတ်ဖြစ်သည်နှင့်အညီ အင်္ဂလိပ်ဟန်ပန်လေသံ အပြည့်အဝလွှမ်းခြုံနေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ရာ၊ စာပေရသနှစ်မျိုးကို မြည်းစမ်းခံစားနိုင်ခွင့် ရသည်ဟုပင် ရိုးသားစွာ ယုံကြည်မိပါသည်။

* * *

ခေတ်သုံးအင်္ဂလိပ်ဘာသာစာပေမှာ ဝိဘတ် သို့မဟုတ် ကြိယာဝိသေသနတွေဟာ ရှေးကနဲ့ မတူအောင် ဆတက်ထမ်းပိုး ပိုမိုတွင်ကျယ်လာတယ်။ ကြိယာအများအပြားရဲ့နောက်မှာ သူတို့တွေကို ပေါင်းစပ်

mgyoe.com

mgyoe.com


ထည့်ပေးခြင်းအားဖြင့် ဆိုလိုတဲ့အနက်အဓိပ္ပာယ်တွေ အမျိုးမျိုး ထူးခြားလာလေ့ရှိတယ်။ ဦးစွာပထမ အောက်ပါဥပမာအနည်းငယ်ကို ကြည့်ကြမယ်။

look for = search for, seek (ရှာဖွေသည်)
look out = beware (သတိထားသည်၊ သတိပြုသည်)
look after = take care of (ကြည့်ရှုစောင့်ရှောက်သည်)
give up = abandon (a habit or attempt)
(စွန့်လွှတ်သည်၊ လက်လျှော့သည်)
give away = give to someone/ anyone (ပေးပစ်သည်)

လေ့လာသူတွေအနေနဲ့ ကြိယာရဲ့နောက်က ပေါင်းစပ်ပါရှိနေတဲ့ စာလုံးဟာ ဝိဘတ်အဖြစ် သုံးထားတာလား၊ ကြိယာဝိသေသနအဖြစ် သုံးထားတာလားဆိုတာကို အချိန်ကုန်ခံ၊ ဦးနှောက်ခြောက်ခံပြီး စဉ်းစားနေစရာ မလိုပါဘူး။ ဟောဒီကြိယာရဲ့နောက်က ဟောဒီစာလုံးလိုက်ရင် ဟောဒီအဓိပ္ပာယ်ရတယ်ဆိုတာကိုသာ လေ့လာမှတ်သားထားနိုင်ဖို့ကသာ အဓိကပဲ။ ပြီးတော့ အရေးကြီးတာတစ်ခုက မိမိတွေ့ကြုံနေရတဲ့ ကြိယာဟာ ကံလိုတဲ့ကြိယာလား၊ ကံမလိုတဲ့ ကြိယာလားဆိုတာလည်း နားလည်မှ ဖြစ်မယ်။

အထက်ပါ ဥပမာတွေကို ဆန်းစစ်ကြည့်လိုက်ရင် look for က ကံလိုတဲ့ ကြိယာဖြစ်တယ်။ look out က ကံမလိုတဲ့ ကြိယာ ဖြစ်တယ်။

I am looking for my passport.
ကျွန်ုပ်သည် ကျွန်ုပ်၏နိုင်ငံကူးလက်မှတ်ကို ရှာဖွေနေသည်။

mgyoe.com

mgyoe.com


Look out! this ice isn't safe!

သတိထားပော့၊ ဒီရေခဲပြင်ဟာ စိတ်မချရဘူး။

အောက်မှာ ဖော်ပြထားတဲ့ အသုံးအနှုန်းတစ်ခုတိုင်းမှာ 'tr' (= transitive) ကံပါတဲ့ကြိယာ သို့မဟုတ် 'intr' (= intransitive) ကံမပါတဲ့ကြိယာ စတဲ့အမှတ်အသားတွေ ပြထားတဲ့အပြင် အသုံးအနှုန်းကိုပါနားလည်သဘောပေါက်စေဖို့အတွက် နမူနာဝါကျများလည်းဖော်ပြထားတယ်။

တချို့အသုံးအနှုန်းတွေမှာ အဓိပ္ပာယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုပြီးရှိတယ်။ ကံလိုတဲ့ကြိယာ သို့မဟုတ် ကံမလိုတဲ့ကြိယာအဖြစ် နှစ်မျိုးနှစ်ဖုံသုံးလို့ရတာမျိုးလည်း တွေ့ရမှာအမှန်ပါပဲ။ ဥပမာ –

take off ဆိုတဲ့ စကားဟာ ချွတ်သည်လို့ အဓိပ္ပာယ်ရတယ်။ အမျိုးအစားအားဖြင့် ကံလိုတဲ့ ကြိယာဖြစ်တယ်။

He took off his hat.

သူသည် သူ၏ဦးထုပ်ကို ချွတ်ခဲ့သည်။

take off မှာ လေယာဉ်ပျံစသည့်မြေပြင်မှ ပျံတက်သည် ဆိုတဲ့ အဓိပ္ပာယ်လည်း ရှိနေပြန်တယ်။ ဒီအခါမှာတော့ ကံမလိုတဲ့ ကြိယာဖြစ်သွားတော့တာပေါ့။

The plane took off at ten o'clock.

လေယာဉ်ပျံသည် ဆယ်နာရီအချိန်၌ မြေပြင်မှ ပျံတက်ခဲ့သည်။

mgyoe.com

mgyoe.com


## Transitive expressions
## ကံလိုတဲ့ အသုံးအနှုန်းများ

**a** ကံပုဒ် နေရာယူပုံ

နာမ်ကံပုဒ်များကို အသုံးအနှုန်းရဲ့အဆုံးမှာ ထားလေ့ရှိတယ်။

I am looking for my glasses.

ကျွန်ုပ်သည် ကျွန်ုပ်၏ မျက်မှန်ကို ရှာဖွေနေသည်။

ဒါပေမဲ့ တချို့မှာကျတော့ နာမ်ကံပုဒ်ကို အဆုံးမှာဖြစ်စေ၊ ကြိယာရဲ့နောက်က ကပ်ပြီးတော့ဖြစ်စေ ထားနိုင်တယ်။ အထူးသဖြင့်ကတော့ နောက်ကလိုက်လာတဲ့ ဝိဘတ်/ကြိယာဝိသေသနဟာ အသံတိုတဲ့အခါမှာ အဲဒီလို အလယ်ခေါင်ကဖောက်ပြီးတော့ ပြောဆိုသုံးနှုန်းတတ်ကြတယ်။

He took off **his coat** or He took his **coat** off.

သူသည် သူ၏ကုတ်အင်္ကျီကို ချွတ်ခဲ့သည်။

နာမ်စားကံပုဒ်များကို တစ်ခါတစ်ရံမှာ ဝါကျရဲ့အဆုံးမှာ ထားတယ်။

I am looking for **them.**

ကျွန်ုပ်သည် သူတို့ကို ရှာဖွေနေသည်။

ဒါပေမဲ့ များသောအားဖြင့်တော့ နာမ်စားကံပုဒ်ဆိုရင် အောက်ပါအတိုင်း ကြိယာရဲ့နောက်က ကပ်ထားလေ့ရှိတယ်။

He took it off.

သူသည် ထိုဟာကို ချွတ်ခဲ့သည်။

ဝိဘတ်/ကြိယာဝိသေသနတွေဟာ တိုရင် ဒီပုံစံမျိုး ပိုမိုလက်ခံသုံးနှုန်းလေ့ရှိကြတယ်။ နမူနာအဖြစ်ပြရရင် **up, down, in, out,**

mgyoe.com

mgyoe.com



**away, off** နဲ့ **on** တို့တွေပေါ့။ **on** နဲ့ ပတ်သက်လို့ကတော့ ခြွင်းချက် တစ်ခုရှိလေရဲ့။ ဒါကတော့ 'call on' (visit) မှာတော့ ကံပုဒ်ဟာ သူတို့နှစ်လုံးကြားဝင်နေရာယူလို့ မရဘူး။ အသုံးအနှုန်းတစ်ခုစီကို နမူနာ ဝါကျတွေနဲ့ ယှဉ်တွဲဖော်ပြထားပါတယ်။ ယင်းတို့ကို ဂရုတစိုက် လေ့လာ လိုက်မယ်ဆိုရင် နာမ်ကံပုဒ်၊ နာမ်စားကံပုဒ်တွေရဲ့ နေရာယူပုံကို သဘော ပေါက်သွားမှာ မလွဲပါဘူး။

I'll give **this old coat** away.

(I'll give away **this old coat** / I'll give **it** away.)

ကျွန်ုပ်သည် ဤကုတ်အင်္ကျီဟောင်းကြီးကို ပေးပစ်မည်။

ကျွန်ုပ်သည် ထိုဟာကို ပေးပစ်မည်။

နာမ်ကံပုဒ်ဟာ **away** ရဲ့ ရှေ့ကသော်လည်းကောင်း၊ နောက် ကသော်လည်းကောင်း နေရာယူနိုင်ကြောင်း တွေ့နိုင်တယ်။ နာမ်စား ကံပုဒ်ကတော့ **away** ရဲ့ ရှေ့မှာသာ နေရာယူရမယ်။ နမူနာတစ်မျိုး တည်းဖော်ပြထားရင် နာမ်စားကံပုဒ်ဟာ နာမ်ကံပုဒ်နည်းအတိုင်းသာ နေရာယူရမယ်လို့ မှတ်ယူဖို့ ဖြစ်တယ်။

**b** အောက်ပါအတိုင်း နောက်က ကြိယာနာမ်လည်း လိုက်ပါနိုင်တယ်။

He kept on blowing his horn.

သူသည် သူ၏ခရာကို ဆက်လက်မှုတ်ခဲ့သည်။

ကြိယာနာမ်များ သုံးလေ့သုံးထရှိတဲ့ နေရာများကျရင် ဥပမာများနဲ့ ပြပါဦးမယ်။

တချို့ရဲ့နောက်က 'ရန်' ကြိယာလည်း အောက်ပါအတိုင်း လိုက် နိုင်တယ်။

mgyoe.com

mgyoe.com



It is **up to you to decide** this for your self.

ဒါကို ကိုယ်တိုင်ဆုံးဖြတ်ဖို့အတွက်ဟာ မင်းရဲ့တာဝန်ပဲ။

Some of the younger members **called on the Italian minister to resign.**

အသက်ငယ်ရွယ်သော အဖွဲ့ဝင်အချို့က အီတလီဝန်ကြီးကို နုတ်ထွက်ရန် တောင်းဆိုခဲ့ကြသည်။

The lecturer **set out to show** that most illnesses were avoidable.

ကထိက က အနာရောဂါအများစုကို ရှောင်ရှားနိုင်ကြောင်း ပြသခဲ့သည်။ **go on** ရဲ့ နောက်က 'ရန်' ကြိယာ သို့မဟုတ် ကြိယာနာမ်လိုက်ပါနိုင်တယ်။ ဒါပေမဲ့ အဓိပ္ပာယ်ချင်းကတော့ ကောင်းကောင်း ခြားနားတယ်။

❒

mgyoe.com

mgyoe.com

## *Verb + Preposition /Adverb combinations*
## ကြိယာ + ဝိဘတ်/ကြိယာဝိသေသနအတွဲများ

### Account

**account for (tr)** = ခိုင်ခိုင်မာမာ စာရင်း/ အကြောင်းပြသည်။ ကျေနပ်လက်ခံနိုင်လောက်အောင် ရှင်းပြသည်။ (လုပ်ရပ် သို့ မဟုတ် အသုံးစရိတ်တစ်ခုအတွက်)

A treasurer must account for the money he spends.
ဘဏ္ဍာရေးမှူးတစ်ယောက်သည် သုံးစွဲသော ငွေများအတွက် စာရင်းပြနိုင်ရမည်။

He has behaved in the most extraordinary way; I can't account for his actions at all/ I can't account for his behaving like that.

mgyoe.com

mgyoe.com



သူသည် အထူးခြားဆုံး ပြုမူလျက်ရှိသည်။ သူ၏အပြုအမူများအတွက် ကျွန်ုပ် လုံးဝရှင်းမပြနိုင်ပါ။ / ကျွန်ုပ်သည် သူ၏ ထိုကဲ့သို့ ပြုမူနေခြင်းအတွက် ကောင်းစွာ ရှင်းမပြနိုင်ပါ။

## allow

**allow for (tr)** = ကြိုတင်ထည့်သွင်းစဉ်းစားထားသည်။ နားလည်သဘောပေါက်ထားသည်။ (မမျှော်လင့်သည့် လိုအပ်ချက်များ၊ အသုံးစရိတ်များ၊ နှောင့်နှေးကြန့်ကြာမှုများနဲ့ ပတ်သက်ပြီး သုံးတယ်။)

**Tom:** It is 400 miles and I drive at 50 m.p.h, so I'll be there in eight hours.
ခရီးက မိုင် ၄၀၀ ဝေးတယ်။ ငါက တစ်နာရီ မိုင် ၅၀ မောင်းတာမို့ ရှစ်နာရီနဲ့ ရောက်သွားမယ်။

**Mary:** But you'll have to allow for delays going through towns and for stops for refuelling.
ဒါပေမဲ့ မြို့တွေထဲဖြတ်တဲ့အခါနဲ့ ဓာတ်ဆီထည့်တဲ့အခါ နှောင့်နှေးကြန့်ကြာမှာတို့ကို ထည့်တွက်ထားဦးမှပေါ့။

Allowing for depreciation your car should be worth $ 500 this time next year.
တန်ဖိုးလျော့နည်းသွားမှုကို ထည့်သွင်းစဉ်းစားလိုက်မယ်ဆိုရင် မင်းရဲ့ ကားဟာ နောင်နှစ်ခါ ဒီအချိန်မှာ ဒေါ်လာ ၅၀၀ ပဲ တန်လိမ့်မယ်။

mgyoe.com

mgyoe.com


## answer

**answer back (intr)** = နှုတ်လှန်ထိုးသည်။ ပြန်ပက်သည်။
မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောသည်။

Father: Why were you so late last night?
You were't in till 2 a.m.
ညက မင်း ဘာကြောင့် သိပ်ညဥ့်နက်ရတာလဲ။ နှစ်နာရီထိ ပြန်မရောက်သေးဘူး။

Son: You should have been asleep.
အဖေ အိပ်ပျော်နေလို့ ဖြစ်ပါလိမ့်မယ်။

Father: Don't answer me back. Answer my question.
ငါ့ကို နှုတ်လှန်မထိုးနဲ့၊ ငါမေးတာသာ ဖြေ။

## ask

**ask for (tr)** = ပန်ကြားသည်၊ တောင်းဆိုသည်၊ တောင်းသည်။

The men asked for more pay and shorter hours.
လူများသည် လစာပိုပေးရန်နှင့် အလုပ်ချိန်လျှော့ရန် တောင်းဆိုခဲ့ကြသည်။

**ask for somebody**

(a) အကျိုးအကြောင်း မေးသည်။ သတင်းမေးသည်။
I met Tom at the party; he asked for you (asked how you were/ how you were getting on.)

mgyoe.com

mgyoe.com


ငါ တွမ်ကို ညည့်ခံပွဲမှာ တွေ့ခဲ့တယ်။ သူက မင်းရဲ့အကြောင်း မေးခဲ့တယ်။ (ဘယ်လိုလဲ၊ ဘယ်အခြေအနေလဲ၊ နေထိုင်ကောင်း ရဲ့လား စသည်)

(b) တွေ့ခွင့်တောင်းသည်။
Go to the office and ask for the Secretary.
ရုံးသွားပြီး အတွင်းဝန်နဲ့ တွေ့ခွင့်တောင်း။

**ask someone in** (in ရှေ့မှာ ကံပုဒ်) = အိမ်ထဲသို့ ဝင်ရန် ဖိတ်ခေါ်သည်။

He didn't ask me in, he kept me standing at the door while he read the message.
သူက ငါ့ကို အိမ်ထဲဝင်ဖို့ မဖိတ်ခေါ်ခဲ့ဘူး။ သူ စာဖတ်နေတုန်း ငါ့ကို အပေါက်ဝမှာ မတ်တတ်ရပ်နေစေခဲ့တယ်။

**ask someone out** (out ရှေ့မှာ ကံပုဒ်) = အများပြည်သူနဲ့ဆိုင်တဲ့ ညည့်ခံဖြေဖျော်ပွဲ၊ စားသောက်ပွဲ စသည်တို့သို့ ဖိတ်ခေါ်သည်။

She had a lot of friends and was usually asked out in the evenings, so she very seldom spent an eveining at home.
သူမမှာ သူငယ်ချင်း အပေါင်းအသင်းများ အများအပြားရှိ၍ ညနေ ညဦးများတွင် အပြင်အပသို့ ဖိတ်ခေါ်ခြင်း ခံရလေ့ရှိသည်။ ထို့

mgyoe.com

mgyoe.com


ကြောင့် သူမသည် ညနေတွင် အိမ်၌ အလွန်ရှိခဲ့သည်။

back

**back away (intr)** = အန္တရာယ် သို့မဟုတ် မနှစ်မြို့ဖွယ်တို့နှင့် တွေ့ကြုံရသည့်အတွက်ကြောင့် နောက်တွန့်သွားသည်။

When he took a snake out of his pocket everyone backed away and stood watching it from a safe distance.
သူသည် အိတ်ထဲမှ မြွေတစ်ကောင် ထုတ်ယူလိုက်သောအခါ လူတိုင်းနောက်တွန့်သွား၍ စိတ်ချလုံခြုံရသော အကွာအဝေးမှ မတ်တတ်ရပ်စောင့်ကြည့်ခဲ့သည်။

**back out (intr)** = ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီချက် စသည်မှ နောက်ဆုတ်သည်။ ထောက်ပံ့ကူညီရန် ကတိပေးထားမှုကို ပြန်လည်ရုပ်သိမ်းသည်။

He agreed to help us but backed out when he found how difficult it was.
သူသည် ကျွန်ုပ်တို့ကိုကူညီရန် သဘောတူခဲ့သည်။ သို့သော်လည်း ကူညီရန်မလွယ်ကူကြောင်း တွေ့ရှိရသောအခါ နောက်ဆုတ်သွားခဲ့သည်။

**back somebody up** = စိတ်ဓာတ် သို့မဟုတ် စကားအားဖြင့်

mgyoe.com

mgyoe.com


ထောက်ခံအားပေးသည်။

The headmaster never backed up his staff (backed **them** up). It a parent complained about a master he assumed that the master was in the wrong.

ကျောင်းဆရာကြီးသည် သူ၏လက်ထောက်ဆရာများကို ဘယ်အခါမျှ ထောက်ခံအားပေးခြင်း မပြုခဲ့ပေ။ ဆရာတစ်ယောက်ကို ကျောင်းသားမိဘတစ်ဦးက အပြစ်တင်လျှင် သက်ဆိုင်ရာ ဆရာမှားသည်ဟုသာ သူက မှတ်ယူခဲ့သည်။

## be

**be in (intr)** = အိမ် စသည့် အဆောက်အအုံတစ်ခုမှာ ရှိသည်။

**be out (intr)** = အိမ် စသည်မှ ခေတ္တခဏ အပြင်ထွက်သွားသည်။ ညဥ့်အိပ်ညဥ့်နေ သွားခြင်းမျိုး မဟုတ်။

**be away (intr)** = အိမ် စသည်မှ အနည်းဆုံး တစ်ညအိပ် ထွက်ခွာသွားသည်။

**be back (intr)** = ရှည်ကြာစွာ သို့မဟုတ် ခေတ္တခဏ သွားပြီး နောက်ပြန်လာသည်။

I want to see Mrs Pitt. Is she in?

ကျွန်တော် မစ္စက်ပစ်နဲ့တွေ့လိုပါတယ်။ သူမအထဲမှာ ရှိပါသလား။

mgyoe.com

mgyoe.com


No, I'm afraid she's out at the moment.
မရှိပါဘူး၊ ဝမ်းနည်းပါတယ်၊ သူမ အပြင်ခဏထွက်သွားပါတယ်။
(သို့မဟုတ်)
No, I'm afraid she's away for the weekend.
မရှိပါဘူး၊ ဝမ်းနည်းပါတယ်၊ သူမ ရက်သတ္တအပတ်ဆုံး အားလပ်ရက်မှာ အနားယူဖို့ ခရီးထွက်သွားပါတယ်။
When will she be back?
သူမ ဘယ်တော့ ပြန်ရောက်မလဲ။
She'll be back in half an hour/ next week.
သူမ နာရီဝက်အတွင်း/ နောက်အပတ် ပြန်ရောက်ပါလိမ့်မယ်။

**be for** (tr) = လိုလားသည်။ (များသောအားဖြင့် ကြိယာနာမ်နှင့် တွဲသုံးသည်)

**be against** (tr) = ဆန့်ကျင်သည်။ (များသောအားဖြင့် ကြိယာနာမ်နှင့် တွဲသုံးသည်။)

I'm for doing nothing till the police arrive/ I'm against doing anything till the police arrive.
ရဲတွေ မရောက်မချင်း ဘာမှမလုပ်ဖို့ ငါ လိုလားတယ်/ ရဲတွေ မရောက်မချင်း တစ်စုံတစ်ရာလုပ်ဖို့ ငါ မလိုလားဘူး။

**be in for (tr)** = အန္တရာယ် စသည့်မလိုလားဖွယ်တစ်ရပ်နှင့် တွေ့ကြုံရဖွယ် ရှိသည်။

mgyoe.com

mgyoe.com


Look at the wind-sock! I'm afraid we're in for a rough flight.
တိုင်ထိပ်မှာတင်ထားတဲ့ လေအိတ်ကြီးကို ကြည့်စမ်းဟော့။ ငါတို့တော့ လေယာဉ်ခရီးကြမ်းနဲ့ တွေ့ကြုံရမှာ စိုးရိမ်ပါသေးတယ်။ (လေဆိပ်များ၌ လေပြင်းတိုက်ခတ်မည်ဖြစ်ကြောင်း ပြသသော အမှတ်အသားသင်္ကေတကို ဆိုလိုသည်)

If you think that the work is going to be easy you're in for a shock.
အလုပ်ဟာ လွယ်ကူလိမ့်မယ်လို့ မင်းထင်ရင် မင်း အထိတ်တလန့် ဖြစ်ရတော့မှာပဲ။

**be over/ past (intr)** = ပြီးစီးသည်။ ရပ်စဲသည်။

The storm is over now; we can go on.
အခု မုန်တိုင်းရပ်စဲသွားပြီ။ ငါတို့ ခရီးဆက်နိုင်ပြီ။

**be up (intr)** = အိပ်ရာထသည်။

Don't expect her to answer the door bell at nine o'clock on Sunday morning. She won't be up.
တနင်္ဂနွေနေ့မနက်ဆိုရင် ကိုးနာရီအထိ တံခါးခေါင်းလောင်းတီးတာကို သူမ ဖြေကြားလိမ့်မယ်လို့ မမျှော်လင့်နဲ့။ အိပ်ရာထမှာ မဟုတ်သေးဘူး။

mgyoe.com

mgyoe.com


**be up to (tr)** = တစ်စုံတစ်ခုသော လုပ်ရပ်ကို ကာယစိတ္တအရ လုပ်ဆောင်နိုင်လောက်သော။ လုပ်ဆောင်နိုင်လောက်အောင် ထိုက်သင့်သည့် အရည်အချင်းရှိသော ယင်း၏ ကံပုဒ်ဟာ it ဖြစ်တယ်။ သို့သော် ကြိယာနာမ်လည်း ဖြစ်နိုင်တယ်။

After his illness he continued in office though he was no longer up to the work/ up to doing the work.
သူသည် နေထိုင်မကောင်းဖြစ်ပြီးနောက် ရုံး၌ဆက်လက်လုပ်ခဲ့သည်။ သို့သော် အလုပ်ကို ကောင်းကောင်း မလုပ်နိုင်ခဲ့ပေ။

**be up to something/ some mischief/ some trick/ no good** = တစ်စုံတစ်ခုသော မကောင်းသည့်လုပ်ရပ်ကို လုပ်ကိုင်လေ့ရှိသည်။

Don't trust him; he is up to something/ some trick.
သူ့ကို မယုံနဲ့၊ သူဟာ မဟုတ်မဟတ်/ ကလိန်ကလယ် လုပ်လေ့ရှိတယ်။

The boys are very quiet. I wonder what they are up to.
လူကလေးတွေ အလွန် တိတ်ဆိတ်ငြိမ်သက်နေကြတယ်။ ဘာများ မဟုတ်တာလုပ်ဖို့ ကြံနေကြလဲ မပြောတတ်ပါဘူး။

mgyoe.com

mgyoe.com



ဒီဝါကျမှာကျတော့ ကံပုဒ်ကို အထက်ပါဝါကျတွေမှာလို အတိအကျ ဖော်ပြထားခြင်းမရှိကြောင်း သတိပြုမှတ်သားပါ။

**up to someone** (နောက်က 'ရန်' ကြိယာ လိုက်လေ့ရှိတယ်) = တာဝန်ရှိသည်။

It is up to parents to teach their children manners.
သားသမီးများကို အပြုအမူအနေအထိုင်ကောင်းအောင် သွန်သင်ဆုံးမရန် မိဘတွေမှာတာဝန်ရှိတယ်။

I have helped you as much as I can. Now it is up to you (You must continue by your own efforts).
ငါက မင်းကို အစွမ်းကုန်ကူညီပြီးပြီ။ အခု ကိုယ့်အားကိုယ်ကိုးပြီး ဆက်လုပ်ဖို့ မင်း တာဝန်ပဲ။

## bear

**bear out (tr)** = အတည်ပြုသည်။

This report bears out my theory. (bears my theory out/ bears it out).
ဒီသတင်းက ငါ့ အယူအဆနိယာမကို အတည်ပြုတယ်။

**bear up (intr)** = စိတ်ထိခိုက်မှု ဝမ်းနည်းကြေကွဲမှုကို ဖုံးကွယ်

mgyoe.com

mgyoe.com


သည်။ အဖြစ်ဆိုး သို့မဟုတ် သတင်းဆိုးကို ကြံ့ကြံ့ခံရင်ဆိုင်သည်။

The news of her death was a great shock to him but he bore up bravely and none of us realized how much he felt it.
သူမ သေဆုံးသည့်သတင်းသည် သူ့အတွက် ကြီးမားသော ထိတ်လန့်တုန်လှုပ်မှုတစ်ရပ် ဖြစ်ခဲ့သည်။ သို့သော် သူက ကြံ့ကြံ့ခံရင်ဆိုင်ခဲ့၍ သူ မည်မျှစိတ်ထိခိုက်ခဲ့ကြောင်း ကျွန်ုပ်တို့ထဲမှာ မည်သူမျှ မသိခဲ့ကြပေ။

## blow

**blow out (tr)** = မီး စသည်ကို မှုတ်၍ငြိမ်းသတ်သည်။ သို့မဟုတ် တိုက်ခတ်ငြိမ်းသတ်သည်။

The wind blew out **the candle (blew the candle out/** blew **it** out).
လေသည် ဖယောင်းတိုင် (မီး) ကို တိုက်ခတ်ငြိမ်းသတ်ခဲ့သည်။

**blow up (tr or intr)**

(a) ဖောက်ခွဲဖျက်ဆီးသည်။ ပေါက်ကွဲ ပျက်စီးသည်။
They blew up **the bridges** so that the enemy couldn't follow them (blew **the bridges** up/ blew **them** up).
ရန်သူများက သူတို့ကို မလိုက်နိုင်စိမ့်သောငှာ သူတို့သည် တံတား

mgyoe.com

mgyoe.com


များကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသည်။

Just as we got to the bridge it blew up.
ကျွန်ုပ်တို့ ဆိုက်ရောက်လိုက်ချိန်၌ တံတားသည် ပေါက်ကွဲပျက်စီးသွားခဲ့သည်။

(b) ဖောင်းပွလာအောင် လေမှုတ်ထည့်သည်။
The children blew up **their balloons** and threw them into the air (blew **the balloons up**/ blew **them** up).
ကလေးများသည် သူတို့၏ ပူဖောင်းများကို မှုတ်ကြပြီး လေထဲသို့ ပစ်လွှတ်ခဲ့ကြသည်။

## boil

**boil away (intr)** = ရှိသမျှအရည်အားလုံးကုန်ခန်းကာ အခိုးအငွေ့ဖြစ်သွားသည်အထိ ဆူပွက်သည်။
I put the kettle on the hot plate and then went away and forgot about it. When I returned, the water had all boiled away.
ကျွန်ုပ်သည် ရေနွေးကရားကို လျှပ်စစ်မီးဖိုပေါ်တင်၍ အခြားသို့သွားခဲ့ပြီး မေ့ထားခဲ့သည်။ ကျွန်ုပ်ပြန်လာခဲ့သောအခါ ရေအားလုံးဆူပွက်ခန်းခြောက်သွားခဲ့ပြီ။

**boil over (intr)** = ဝေကျသည်။

mgyoe.com

mgyoe.com


The milk boiled over and there was a horrible smell of burning.
နွားနို့ဝေကျ၍ လောင်ကျွမ်းတူးခြစ်သည့် အနံ့ဆိုးထွက်ပေါ်လာခဲ့သည်။

## break

**break down figures** = အသေးစိတ်စာရင်းဇယား ပြသည်။

You say that 10,000 people use this library. Could you break that down into age-groups?
လူတစ်သောင်းက ဒီစာကြည့်တိုက်ကို အသုံးပြုတယ်လို့ မင်း ပြောတယ်။ သူတို့ရဲ့အသက်အရွယ်အုပ်စုကို အသေးစိတ်စာရင်း ဇယား ပြနိုင်လား။ (သူတို့အထဲမှ ၂၅ နှစ်အောက် ဘယ်နှယောက်၊ ၅၀ ထက် ဘယ်နှယောက် စသည်ဖြင့် ခွဲပြနိုင်သလား)

**break down a door, etc.** = တံခါး စသည်ကို အင်အားသုံး၍ ချိုးဖျက်ဖွင့်သည်။

If you don't let us in we'll break down **the door**.' said the bandits. (break **the door** down/ break **it** down)
'ငါတို့ကို ဝင်ခွင့်မပေးရင် တံခါးကို ချိုးဖျက်ရလိမ့်မယ်' ဟု ဓားပြများက ပြောခဲ့သည်။

**break down (intr)** = တစ်စုံတစ်ခုသော ချို့ယွင်းချက် သို့မဟုတ်

mgyoe.com

mgyoe.com


အားနည်းချက်ကြောင့် ကောင်းစွာအလုပ်လုပ်မှု ရပ်တန့်သွားသည်။ ပျက်ယွင်းသည်။

(a) လူနဲ့ပတ်သက်ပြီး သုံးတဲ့အခါ အထူးတလည် စိတ်လှုပ်ရှားပြီး ဆောက်တည်ရာမရ ဖြစ်သွားခြင်းမျိုးကို ဆိုလိုတယ်။
He broke down twice when giving evidence on his son's dealth (i.e. he was overcome by his sorrow, he wept).
သူ၏သား အသက်ဆုံးရှုံးမှုနဲ့ ပတ်သက်၍ သက်သေထွက်ဆိုစဉ် သူသည် နှစ်ခါ ဆောက်တည်ရာမရ ဖြစ်သွားခဲ့သည်။ (အထူးတလည် ဝမ်းနည်းသွားတယ်။ ငိုတယ်လို့ ဆိုလိုတယ်။)

(b) စိတ်ဓာတ်အင်အား ပျက်ပြား ချောက်ချားမှုကိုလည်း ဖော်ပြနိုင်တယ်။
At first he refused to admit his guilt but when he was shown the evidence he broke down and confessed.
ပထမ၌ သူသည် သူ၏အပြစ်ကို ဝန်ခံရန်ငြင်းဆိုခဲ့သည်။ သို့သော် သူ့အား သက်သေအထောက်အထားပြလိုက်သောအခါ စိတ်တည်ငြိမ်မှု ပျက်ပြားသွားပြီး ဝန်ခံခဲ့လေသည်။

(c) ကျန်းမာရေးနဲ့ ပတ်သက်ပြီး သုံးတဲ့အခါ ရုပ်ခန္ဓာအပြင်းအထန် ပျက်ယွင်းမှုကို အဓိပ္ပာယ် ညွှန်းဆိုတယ်။
After years of overwork his health broke down

mgyoe.com

mgyoe.com


and he had to retire from business.
နှစ်ပေါင်းများစွာ အပြင်းအထန် အလုပ်လုပ်အပြီးတွင် သူ၏ ကျန်းမာရေး ပျက်ယွင်းခဲ့၍ သူသည် အလုပ်မှ အနားယူခဲ့ရသည်။

(d) စက်ပစ္စည်းစတဲ့ သက်မဲ့ရုပ်ဝတ္ထုများနဲ့ ပတ်သက်လို့လည်း အသုံးအနှုန်းများတယ်။
The car broke down when we were driving through the desert and it took us two days to repair it.
ကျွန်ုပ်တို့ သဲကန္တာရကို ဖြတ်သန်းမောင်းနှင်ခဲ့စဉ် ကားပျက်ခဲ့၍ နှစ်ရက်ကြာ ပြင်ခဲ့ရသည်။

(e) ညှိနှိုင်းဆွေးနွေးမှုများနဲ့ ပတ်သက်လို့ သုံးတယ်။
The negotiations broke down (i.e. were discontinued) because neither side would compromise.
ညှိနှိုင်းဆွေးနွေးပွဲ ပျက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်ဘက်ကမျှ အပေးအယူ မလုပ်ခဲ့သောကြောင့် ဖြစ်သည်။

## break in (intr), break into (tr)

(a) ချိုးဖောက် ဝင်ရောက်သည်။
Thieves broke in and stole the silver coins.
သူခိုးများသည် ချိုးဖောက်ဝင်ရောက်ခဲ့၍ ငွေဒင်္ဂါးများကို ခိုးခဲ့ကြသည်။
Thieves broke into the house, etc.

mgyoe.com